ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့ (30-5-2008) (၅၆၉၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းလိုက်ကြောင်းကြေညာ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ်(၇/၂၀၀၈)ကို ၂၀၀၈ ခုနှစ် မေ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကြေညာချက်အမှတ် (၇/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
(၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ
အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးနှင့် စပ်လျဉ်း၍ ပြည်သူတို့၏ သဘောထားတောင်းခံသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ၂၀၀၈ခုနှစ်၊ မေလ(၁၀)ရက်နေ့နှင့် (၂၄)ရက်နေ့တို့တွင် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ (၂၇၂၈၈၈၂၇)ဦး အနက် (၉၈.၁၂)ရာခိုင်နှုန်းက ဆန္ဒမဲပေးခဲ့ကြပြီး ယင်းသို့ ဆန္ဒမဲပေးသူများအနက် (၉၂.၄၈) ရာခိုင်နှုန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရန် ဥပဒေနှင့်အညီ ထောက်ခံကြောင်း အစီရင်ခံထားပါသည်။

၂။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးက အတည်ပြုပြဋ္ဌာန်းလိုက်ကြောင်း ကြေညာပါသည်။

(ပုံ)သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းများ၊ အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသောသစ်ပင်များ ရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်နေမှု၊ ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုနှင့် မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသော သစ်ပင်များ အပြီးသတ် ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့နယ် သံတမန်လမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက အမှိုက်များ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် နတ်မောက်လမ်း ဂျပန်သံရုံးရှေ့သို့ ရောက်ရှိကြပြီး နတ်မောက်လမ်းတစ်လျှောက်၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက ကန်တော်ကြီး ကန်ပတ်လမ်းတစ်လျှောက်နှင့် နတ်မောက်လမ်းသွယ်များတွင် မီးလင်းရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှလှူဒါန်းသည့် (၄၀၀)ဗို့ ဓာတ်ကြိုးအသစ်များတပ်ဆင်နေမှု(၆ ဒသမ၆) ကေဗွီဓာတ်အားလိုင်းများ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၅-၂၀၀၈
(သောကြာနေ့)

ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး ရေလမ်းသတိပေးနှိုးဆော်ချက်များ ဂရုပြုလိုက်နာ

ယခုအခါ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ စတင်ဝင်ရောက်နေပြီဖြစ်သည်။ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၌ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ မြစ်ရေများလည်း မြင့်တက်လာမည်ဖြစ်သည်။

မိုးဦး လေဦးကာလတွင် ကမ်းရိုးတန်း၊ ပင်လယ်ပြင်နှင့် မြစ်ကြောင်းသွားရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်များနှင့်အညီ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနများနှင့် ရေယာဉ်မောင်းသူများ အနေဖြင့် မိမိတို့ ရေယာဉ်များ၏ စက်ကိရိယာများနှင့် ကြံ့ခိုင်ရေးကို မပြတ်စစ်ဆေးပြုပြင်ထားကြရမည်ဖြစ်သည်။

အထူးသဖြင့် ရေယာဉ်များခုတ်မောင်းသွားလာရာတွင်သတ်မှတ်ခရီးသည်အရေအတွက်နှင့် သယ်ဆောင်နိုင်သည့် ကုန်စည်ဝန်အားကို ချင့်ချိန်တွက်ဆ၍ တင်ဆောင်ကြရမည်ဖြစ်သည်။ အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများကို ဖြည့်ဆည်းတပ်ဆင်ထားကြရမည့်အပြင် ရုတ်ခြည်း လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုများဖြစ်ပေါ်ပါက ခရီးသည်များ သိရှိ သတိပြုလိုက်နာကြရမည့် အချက်များကိုလည်း ရေးသားချိတ်ဆွဲထားရန် လိုအပ်မည်ဖြစ်သည်။

မြစ်ကြောင်းများအတွင်း ရေနည်းချိန်ကာလကရှိခဲ့သော သဲသောင်များ၊ ကျွန်းများသည် မိုးရာသီတွင် ရေမြုပ်၍ ရေမြှောပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်နေတတ်သဖြင့် မြစ်ကြောင်းသွားရေယာဉ်များသည် ရေလမ်းညွှန် အမှတ်အသားများအတိုင်း ခုတ်မောင်းကြရမည်ဖြစ်သည်။ ထို့အပြင် ရေယာဉ်များမြစ်ကူးတံတားကြီးများအောက်မှ ဖြတ်သန်းရာ၌ အစိမ်းရောင် တြိဂံအမှတ်အသားပြသထားသည့် ရေလယ်တိုင်အဝင်လမ်းကြောင်းများအတိုင်း ခုတ်မောင်း ကြရမည်ဖြစ်သည်။

မြစ်ရေများချိန်တွင် ရေစီးသန်နေသဖြင့် ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ ဝင်ရောက်ဖြတ်သန်းရာ၌ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရမည်ဖြစ်သည်။

မြစ်တွင်းသွားရေယာဉ်များအနေဖြင့် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း၊ မနိုင်ဝန်သယ်ဆောင်ခြင်း၊ တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်းတို့ကို မပြုလုပ်ကြဘဲ သတ်မှတ်ရေလမ်းကြောင်းအတိုင်း မိမိရေယာဉ်စက်အားနှင့် ရေစီးအားကို ချင့်ချိန်ဂရုပြုမောင်းနှင်ကြခြင်းဖြင့် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းကြမည်။ ။

ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူး ကြီးလှသိန်းဆွေထံ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် သတ္တုတွင်းဝန်ကြီးဌာနမှတစ်ဆင့် Dr. Yang Junchen (GM) Kingbao Mining Ltd,. က အမေရိကန်ဒေါ်လာ တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွန်းချောင်းနှင့် ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းများ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ မေ ၂၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ထို့နောက် စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းလျာထားချက်၊ စီမံကိန်းအတွက်နိုင်ငံခြားမှပစ္စည်းများရောက်ရှိမှု၊ ထားသိုပုံ နည်းစနစ်များနှင့် ရောက်ရန်ကျန်ရှိသော ပစ္စည်းစာရင်းတို့ကို တင်ပြပြီး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေထိန်းမျှော်စင်နှင့်တံတား၊ ရေပိုလွှဲ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ယာဉ်စက်ယန္တရားများဖြင့် ပင်မတမံမျက်နှာပြင် ရှင်းလင်းခြင်းနှင့် မြေသားဖို့ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံနှင့် ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုနှင့် ကွန်ကရစ်လုပ်ငန်း၊ သံထည်ပစ္စည်းများ တပ်ဆင်နေမှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁)ဥမင်လိုဏ်တူးဖော်ပြီးစီးမှု အခြေအနေ၊ ဥမင်လိုဏ် ဆက်လက်တူးဖော်နေမှုနှင့် ကွန်ကရစ်လိုင်နာ တပ်ဆင်ပြီးစီးမှု အခြေအနေ၊ အချင်း ၅၂ ဒသမ ၅ ပေ၊ အမြင့်၁၇၈ ပေရှိ ရေလှောင်ထိန်းစည် တည်ဆောက်ရေးလုပ်ငန်း၌ ရေလှောင်ထိန်းစည်တွင် (EL-143)မီတာအထိ ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဖိအားမြှင့်ဥမင်လိုဏ် တူးဖော်ပြီးစီးမှု အခြေအနေ၊ ဥမင်လိုဏ်ခိုင်ခံ့ရန် စီစဉ်ဆောင်ရွက်နေမှု၊ ဥမင်လိုဏ် ဆက်လက်တူးဖော်နေမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးခဲ့သည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းမှာ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၆၆ ဒသမ ၇၁ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ဤစီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀မှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း၁၉၀ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းမှတစ်ဆင့် ညနေပိုင်းတွင် ဖြူးမြို့ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရေသွယ်ဥမင်လိုဏ်အထွက် တူးဖော်ပြီးစီးမှုအခြေအနေ၊ ဥမင်လိုဏ်ခိုင်ခံ့ရန်ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုလုပ်ငန်း၊ ရေထိန်းတံခါးပြွန် မြေပေါ်ကွန်ကရစ်လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယခုအခါ ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စီမံကိန်းတစ်ခုလုံး၏ ၃၇ ဒသမ ၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၀မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၉

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ မေ ၂၈ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အဆိုပါ အလှူရှင်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်ကြသည့် ဦးခင်မောင်စိုး (မြန်မာစည်သူကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၅၀၀၊ ဦးသိန်းဟန်(ခ) ဦးအိုက်ခင် (Focus Gem Co., Ltd.) က ငွေကျပ်သိန်း ၃၈၀၊ ဦးအောင်သိန်း (နေနန်းတော်ကုမ္ပဏီလီမိတက်)နှင့် ဦးသိန်းထွန်း (World Precious Co., Ltd.)က ငွေကျပ် ၁၀ သိန်းစီ၊ ဦးကျော်လင်း (Kyaw Asia Co., Ltd.)က ငွေကျပ် ၁၀သိန်းအပါအဝင်အကျိုးတူကုမ္ပဏီများက စုစုပေါင်း ငွေကျပ်သိန်း ၉၁၀၊ ဦးအောင်မြင့်နှင့် ဒေါ်တင်တင်ခိုင်မိသားစု (ဒဂုံမြို့နယ်)က ငွေကျပ်တစ်သိန်း၊ ဦးတင်ထွန်း (အငြိမ်းစားသံအမတ်ကြီး) မိသားစု (သုဝဏ္ဏ)က ငွေကျပ်ငါးသောင်း၊ ဒေါ်ခင်မာလွင် (ဒု-ကြီးကြပ်ရေးမှူး)၊ (မြန်မာ့အာမခံလုပ်ငန်း)က ငွေကျပ် တစ်သောင်း၊ ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်) က ငွေကျပ် တစ်သိန်း၊ ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဒေါ်စိုးဝတ်ရည်မိသားစု (အင်းလျားမြိုင်)က ငွေကျပ် ၁၀ သိန်း၊ ဦးအောင်မြင့်နှင့် ဒေါ်ရီရီ၊ မောင်ဇာနည်နှင့်မဥမ္မာစိုး၊မောင်ကြည်ထွန်းနှင့် မရတနာဝင်း (မြောက်ဥက္ကလာပမြို့နယ်)တို့က ငွေကျပ်နှစ်သိန်း၊ မိုင်းပန်တပ်နယ် တပ်မိသားစုက ငွေကျပ် ၁၂၈၀၀၀၀၊ ကွယ်လွန်သူ ဦးသိန်းဝေအားရည်စူး၍ ဒေါ်လှမော်မိသားစု(အလုံမြို့နယ်)က ငွေကျပ်နှစ်သောင်း၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အောင်(ငြိမ်း)နှင့် ဒေါ်စန္ဒာကျော်ဝင်းမိသားစု(မန္တလေး)က ငွေကျပ်တစ်သိန်း၊ မထက်ထက်အောင် (၉)နှစ်ပြည့်အလှူ (တောင်ဥက္ကလာပ) က ငွေကျပ် သုံးထောင်၊ Miss. Nishioka Sakiko, (Yamasan Trading Co., Ltd. Japan) က အက်(ဖ်)အီးစီ ၃၀၀၊ Mr. Nagano Toshiaki, (Taishin Co., Ltd. Japan) က အက်(ဖ်)အီးစီ ၅၀၀၊ Mr. Mitsuda Nobuhiko, (Yamasan Trading Co., Ltd. Japan) က အက်(ဖ်)အီးစီ ၁၉၀၀၊ Miss. Nasu Aiko (Yamasan Trading Co., Ltd. Japan) က အက်(ဖ်)အီးစီး ၃၀၀၊ Miss. Nishioka Kenzo (Yamato Sangyo Co., Ltd. Japan) က အက်(ဖ်)အီးစီ ၁၀၀၀၊ Mr. Mori Takao (Soushin Co., Ltd. Japan) က အက်(ဖ်)အီးစီ ၁၀၀၀၊ သတ္တုတွင်း ဝန်ကြီးဌာနမှတစ်ဆင့် Dr. Yang Junchen (GM) Kingbao Mining Ltd. က အမေရိကန်ဒေါ်လာ တစ်သိန်း၊ Chariman Orascom Telecom က ယူရို ၆၂၅၈၃ ဒသမ ၈၉ တို့ဖြစ်သည်။

မေ ၂၈ ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၉၃၈၆၃၀၀၀၊ အမေရိကန်ဒေါ်လာ တစ်သိန်း၊ ယူရိုငွေ ၆၂၅၈၃ ဒသမ ၈၉ နှင့် အက်(ဖ်)အီးစီ ၅၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာသင်ကျောင်း၊ ဆေးရုံနှင့် ဆေးခန်းများ ပြင်ဆင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် မေ ၂၇ ရက်တွင် National Land ဆောက်လုပ်ရေးကုမ္ပဏီနှင့် မေခလာဆောက်လုပ်ရေးကုမ္ပဏီများမှတာဝန်ရှိသူများလိုက်ပါလျက် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော မြောက်ဥက္ကလာပမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ်၊ မြောက်ဥက္ကလာပ ကူးစက်ရောဂါကုဆေးရုံနှင့် အမှတ်(၂၉) အခြေခံပညာ မူလတန်းကျောင်း ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မေ ၂၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ အမှတ်(၂၄) အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၄၃) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာ အလယ်တန်းကျောင်းတို့အား ပြုပြင်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်မည့် ဆောက်လုပ်ရေးပစ္စည်းများ ရရှိရေးအတွက် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်အတွင်း ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

သတင်းဆောင်းပါး-
မောင်မောင်ထွေး (သတင်းစဉ်)
ဓာတ်ပုံ-ပါစီ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ ဦးဆောင်မှုဖြင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများရှိ ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ကဏ္ဍအလိုက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

လေဘေးသင့်ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်သည့် လပွတ္တာမြို့နယ်သည် ငါးမွေးမြူရေး ၅၃ဒသမ ၉၈ဧက၊ ရေငန်ပုစွန်မွေးမြူရေးကန် ဧရိယာ ၁၄၄၅၉ ဒသမ ၃၉ဧက အပါအဝင် မြို့နယ်တစ်ခုလုံး

လပွတ္တာဘဏ်ခွဲ တာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး ဝင်းငွေ(ငြိမ်း) ရှင်းလင်းပြောကြားစဉ်။

ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်း၊ ဘုံငါးဖမ်းလုပ်ငန်းတို့ဖြင့် ရေလုပ်ငန်းဖွံ့ဖြိုးရာ ဒေသတစ်ခုဖြစ်သည်။

ထို့ကြောင့် လပွတ္တာမြို့နယ်အတွင်း ရေလုပ်ငန်းများပြန်လည် လုပ်ကိုင်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက လိုအပ်သော စာရင်းဇယားများကိုကောက်ယူ၍ လိုအပ်သော ငါးဖမ်းကိရိယာပစ္စည်းများ ဖြန့်ဝေပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းမှ ရေလုပ်ငန်းရှင်များကလည်း လပွတ္တာမြို့နယ်အတွင်းရှိ ရေလုပ်ငန်းများ၊ ရေလုပ်ငန်းရှင်များအတွက် လိုအပ်သော ငါးဖမ်းကိရိယာများကို လှူဒါန်းပေးသွားမည်ဖြစ်သကဲ့သို့ ဈေးနှုန်းသက်သာစွာဖြင့်လည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်(လပွတ္တာဘဏ်ခွဲ)မှ မြို့နယ်အတွင်းရှိ ရေလုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးသွားမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ လပွတ္တာဘဏ်ခွဲ တာဝန်ခံ လက်ထောက် အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး ဝင်းငွေ(ငြိမ်း)က "အကြမ်းဖျင်း ဒီဒေသက တချို့အတော်များများ အသက်ဆုံးရှုံးခဲ့ရသလို ပုစွန်ကန်တွေလည်း ဆုံးရှုံးခဲ့ရပါတယ်။ဒီဒေသမှာ ဆားကျင်းနဲ့တွဲပြီး ပုစွန်မွေးကြသလို ပိုတာကို စပါးစိုက်ကြပါတယ်၊ မိမိတို့အနေဖြင့် လပွတ္တာမြို့နယ်မှာ အရင်တုန်းက လုပ်ငန်းရှင် ၃၀ ကို တစ်ဦးလျှင် သိန်း ၂၀၀၊ ၃၀၀ ချေးခဲ့ဖူးပါတယ်။ ဘဏ်ရဲ့ပေါ်လစီအရ ပိုင်ဆိုင်မှုအပေါ် မူတည်ပြီး ချေးခြင်းဖြစ်ပါတယ်။ ပုစွန်တကယ်မွေးသူတွေကိုတစ်ဧက ကျပ်ငါးသောင်း စတင်ချေးပေးပြီး ကူညီပေးခဲ့ပါတယ်၊ ပိုင်ဆိုင်မှုနဲ့ ခိုင်မာမှုအပေါ် မူတည်ပြီး တစ်သိန်းကနေ လေးသိန်းအထိ ချေးကာ အားပေးကူညီခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်တုန်းကဆိုရင် အထူးချေးငွေနဲ့ ထုတ်ချေးဖူးပါတယ်။ ၂၀၀၅ ခုနှစ် ဘဏ်လာဖွင့်တဲ့အချိန်မှာတော့ ဘဏ်ရဲ့ပေါ်လစီ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ပေးပါတယ်။ ဘဏ်ချေးငွေရဲ့ သဘောတရားကတော့ ချေးငွေကို တစ်နှစ်ပြည့်ရင် ပြန်ဆပ်ရပါတယ်။ ယခု လေဘေးသင့်လုပ်ငန်းရှင်တွေကိုတော့ ပြန်ဆပ်ရမယ့် ချေးငွေကို ခေတ္တပြန်မဆပ်ဖို့၊ အတိုးကိုလည်း ဆပ်နိုင်တဲ့အချိန်မှခွဲဆပ်ဖို့၊ ဒဏ်ကြေးတွေကိုလည်း ကင်းလွတ်ဖို့ တာဝန်ရှိသူတွေက ညွှန်ကြားထားပါတယ်။ ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အသစ်တွေ ထပ်မံညွှန်ကြားလာရင်လည်း လုပ်ထုံးလုပ်နည်းနဲ့အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားပါမယ်"ဟု အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက် (လပွတ္တာဘဏ်ခွဲ) အတွင်း ဘဏ်လုပ်ငန်းများ လည်ပတ်လျက်ရှိစဉ်။

လပွတ္တာမြို့နယ် အတွင်း ရေလုပ်ငန်း ဈေးကွက်များ ပြန်လည် ဖွံ့ဖြိုးလာတော့မည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ကမ်းနားတစ်လျှောက် ဆက်လက်ခြေဆန့်ခဲ့ရာ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးရှေ့ အရောက်တွင် ကြော်ငြာဘုတ်တစ်ခုကို တွေ့မြင်ရ၍ ဖတ်ကြည့်မိရာ "ငါး၊ ပုစွန်များဝယ်ရန်အတွက် ရန်ကုန်မြို့ GOLDEN ORIENT Co;မှ ရောက်ရှိနေပါသည်။ မြို့ပေါ် ငါးပုစွန် အဝယ်ဒိုင်များသို့ ပုံမှန်ရောင်းနိုင်ကြောင်း အသိပေးအကြောင်းကြားပါသည်"ဟူ၍ တွေ့ရပါသည်။

ဈေးကွက်နှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများက ရေလုပ်သားကြီးများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရန် နှိုးဆော်လာချေပြီ။ မုန်တိုင်းဒဏ်ကြောင့် တစ်ဦးတစ်ယောက်၊ မိသားတစ်စု၊ ဆွေမျိုးတစ်သိုက်၊ ဒေသတစ်ခုအနေဖြင့် ဆုံးရှုံးမှုများက ကြီးမားလှပါဘိ။

သို့ဆိုစေကာမူ ရိုးသားကြိုးစား ဧရာဝတီသားတို့၏ ဂုဏ်ပုဒ်နှင့်အညီ နိုင်ငံတော်၏ ပံ့ပိုးမှု၊ နိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်ကြီးများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် ဧရာဝတီသားတို့သည် "လှေခွက်ချည်းကျန်၊ အလံမလဲစတမ်း"ဟူသော စိတ်ဓာတ်ဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြမည်ဟု ကျွန်တော် ယုံကြည်မိပါသည်။ ။

လပွတ္တာနှင့် ဘိုကလေးမြို့နယ်တို့မှ လေဘေးသင့်သူများအတွက် ပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၉

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ ရန်ကုန်-ကရင်နှစ်ခြင်းခရစ်ယာန်အနီး သာသနာ့နယ်အသင်းတော်များအဖွဲ့ရုံးသို့ ရောက်ရှိပြီး ဖျာပုံ-လပွတ္တာနှင့် ဘိုကလေးမြို့နယ်တို့မှ လေဘေးသင့် မိသားစု ၅၀၀ ခန့်တို့အတွက် ရန်ကုန်မြို့နေ အလှူရှင် (MK) ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးလှဝင်းနှင့် မိသားစုတို့က ငွေကျပ် သိန်း ၅၀ ခန့်တန်ဖိုးရှိ ဆန်၊ အစားအသောက်၊ ပစ္စည်းမျိုးစုံနှင့် အဝတ်အထည်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ နာဂလိုဏ်ဂူကျောင်းတိုက် ဆရာတော်၊ အလှူရှင် ဦးဝင်းဖေနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ထောက်ပံ့သော လေဘေးသင့် မိသားစု ၅၀၀ အတွက် ဆန်အိတ် ၅၀နှင့် ခြုံစောင်အထည် ၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီတော်ကြီးတွင် လေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော ထီးတော်၊ ငှက်မြတ်နား၊ စိန်ဖူးတော်နှင့် သာသနိကအဆောက်အအုံများ ဘက်စုံ ပြန်လည်မွမ်းမံရန် မြဝတ်ရည်လမ်းသွယ်(ဆ/ခ)ရပ်ကွက် သဃ်န်း ကျွန်းမြို့နယ်နေ ဦးဝေလင်း-ဒေါ်မိုးမိုးဦး မိသားစုက အလှူငွေ ကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ(ဆင်မင်း) ဦးတင်ရွှေနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး အနုမောဒနာဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၉

ဧရာဝတီတိုင်း ဖျာပုံမြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့အတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် Orange Supermarket က မေ ၂၅ ရက်တွင် ဆန်အိတ်၊ အာလူးအိတ်၊ ငါးသေတ္တာဘူး၊ ဆပ်ပြာ၊ ဒန်အိုး၊ ခြင်ထောင်၊ စောင်၊ ပေါင်မုန့်ကြွပ်၊ ကော်ဖီမစ်၊ ဖယောင်းတိုင်၊ ဇွန်း၊ ငါးပိထောင်း၊ ရေပုံး၊ ရေခွက်နှင့်ခြင်ဆေးခွေ စသည့် ထောက်ပံ့ရေးပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့သည်။

ထို့အပြင် ရန်ကုန်မြို့ရှိ Orange Supermarket ဆိုင်ခွဲများ၌လည်း စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီး လေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်လှူဒါန်းသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းများအား တွေ့ဆုံအားပေး

ရန်ကုန် မေ ၂၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ဒလ၊တံတားကျော့မှူးနှင့် ကွမ်းခြံကုန်း မြို့နယ်များသို့ သွားရောက်၍ မြို့နယ်ရုံးများ၌ မုန်တိုင်းဒဏ်ခံရသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ရွှေ့ဖုံးမှ**

ပြုပြင်တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ကိုင်း၊ သစ်ခက်များကို ဖယ်ရှားရှင်းလင်းရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် သံတမန်လမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက စုပုံထားသော အမှိုက်သရိုက်များနှင့် သစ်ကိုင်း၊ သစ်ခက်များအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကိုလည်းကောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ တိုက်ကြီးတပ်နယ်မှ တပ်မတော်သားများက ပြိုလဲသွားသည့် သစ်ပင်များအား အပြီးသတ် ခုတ်ထွင်ရှင်းလင်းနေမှုနှင့် ပြိုကျသွားသည့် အားကစားအဆောက်အအုံအား ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ မှော်ဘီတပ်နယ်မှ တပ်မတော်သားများက ပြိုလဲသွားသည့် သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းနေမှုကိုလည်းကောင်း၊ ရန်ကင်းမြို့နယ် ရန်အောင်လမ်းသွယ် (၁)လမ်းနှင့် (၂)လမ်းတို့၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက သစ်ကိုင်း၊ သစ်ခက်နှင့် အမှိုက်များအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကိုလည်းကောင်း၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်ဘေး၌ ပြိုလဲသွားသော သစ်ပင်များအား တိုက်ကြီးတပ်နယ်မှ တပ်မတော်သားများက အပြီးသတ် ခုတ်ထွင်ဖယ်ရှား ရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား အမှိုက်များ ရှင်းလင်းပြီးသည့်နေရာများတွင် နောက်ထပ် အမှိုက်စွန့်ပစ်မှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ရေး၊ အိမ်ထွက်အမှိုက်များကို သတ်မှတ်ထားသော အမှိုက်ပုံများ၌သာ စွန့်ပစ်ရေး၊ ပြန်လည်ရှင်သန်နိုင်သည့် သစ်ပင်များကို ပြန်လည်တည့်မတ် စိုက်ပျိုးသွားရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မဟာပါသာဏလိုဏ်ဂူသိမ်တော်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လေမုန်တိုင်းဒဏ်ကြောင့် လဲပြိုသွားသော သစ်ပင်များကို တပ်မတော်သားများကရှင်းလင်းနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မေ ၁၀ ရက်က မွန်ပြည်နယ်မှ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း လေဘေးသင့်ပြည်သူများအတွက် ဆားပိဿာချိန် ၁၈၆၀၀ ကို ပေးပို့လှူဒါန်းခြင်းကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒေသခံပြည်သူအလှူရှင်များကိုယ်စား မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးသိန်းထွန်းက ပေးအပ်ရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း လက်ခံရယူစဉ်။ (၁၀၇)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် မေ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန**
(က) ဒေါက်တာမြမြဦး	ပါမောက္ခချုပ် ရန်ကုန်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ခ) ဦးကြည်သာ	ဦးဆောင်ညွှန်ကြားရေးမှူး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ဂ) ဒေါက်တာသန်းရွှေ	ဦးဆောင်ညွှန်ကြားရေးမှူး မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

သုံးခွမြို့နယ်မှ လေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်

ရန်ကုန် မေ ၂၉

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ အတွင်းရေးမှူး ဦးပေါ်ညိမ်း ဦးဆောင်၍ ရန်ကုန်တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်၊ တိုင်းရင်းဆေးဆရာအသင်းမှ ဦးမောင်မောင်ဦး၊ တိုင်းရင်းဆေးဆရာကြီး ဦးကျော်စိန်(မိုးကုတ်-ဖြူစင်မေတ္တာဆေးတိုက်)နှင့် တိုင်းရင်းဆေးဆရာ ၁၅ဦး ပါဝင်သောအဖွဲ့သည် ယနေ့နံနက် ၈နာရီတွင် သုံးခွမြို့နယ် အတွင်းရှိ လေဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများသို့ကွင်းဆင်း၍ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပတုပ်ကျေးရွာအုပ်စုများဖြစ်သော သူကြီးပတုပ်**(အောက်ပုံ)**၊ ဦးကြာမှိုင်းပတုပ်၊ ဦးသာအောင်ပတုပ်၊ ကျောင်းစုပတုပ်၊ ဦးရွှေညဏ်ပတုပ်ကျေးရွာများသို့ သွားရောက်ဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးအဖွဲ့ဝင်များသည် တိုင်းရင်းဆေးခန်းသုံး ဆေးဝါးများနှင့် ပုဂ္ဂလိကတိုင်းရင်းဆေးများဖြင့် လူနာ စုစုပေါင်း ၅၇၀ တို့အား ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးခဲ့သည်။

(ကြေးမုံ)

အချက်ပြမီးပွိုင့်များ ပြန်လည်တပ်ဆင်

ရန်ကုန် မေ ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးတို့လိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းက မြို့တော်စည်ပင်နယ်နိမိတ်အတွင်း၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ယာဉ်အသွားအလာ အချက်ပြမီးပွိုင့်များ ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း၌ အချက်ပြမီးပွိုင့်ပေါင်း ၁၂၉ ခုရှိရာ လေမုန်တိုင်းတိုက်ခတ်မှုကြောင့် မီးပွိုင့်ပေါင်း ၁၂၂ ခု ပျက်စီးခဲ့ကြောင်း သိရှိရသည်။ (၁၉)

ထိုင်းနိုင်ငံမှအလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၉

လေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှအလှူရှင်များက တာချီလိတ်မြို့မှတစ်ဆင့် အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းရာ မေ ၁၁ရက်နှင့် ၁၂ရက်တို့တွင် လန်းပန်း၊ကျင်းဟိုင်း၊မယ်ဆိုင်မြို့တို့ရှိ ပြည်သူများက ဝစီပိတ်ဆရာတော်အား အမှူးထား၍ ငွေ ၇၇၈၈၅၄၄၄ ကျပ် တန်ဖိုးရှိ ရေသန့်ဘူးများ၊ ဆေးပစ္စည်းများ၊ အဝတ်အထည်များ၊ ဘီစကစ်မုန့်များ၊ ခေါက်ဆွဲဖာများ၊ ဘိလပ်မြေအိတ်များကိုလည်းကောင်း၊ SIM City Public Company Limited, Bangkok Thailand မှ ငွေကျပ် ၃၉၉၆၀၀၀၀ တန်ဖိုးရှိ ဘိလပ်မြေ အိတ် ၁၀၈၀၀၊ ထိုင်းနိုင်ငံ ပြည်သူများမှ ငွေ ၂၅၅၂၁၂၂၅ ကျပ် တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ၊ ကျင်းဟိုင်း၊ မယ်ဆိုင်ကုန်သည်ကြီးများမှ အလှူငွေ ဘတ် ၄၁၉၈၀၊ မယ်ဆိုင်ကုန်သည်အဖွဲ့မှ အလှူငွေဘတ် ၄၀၀၀၀၊ ကွမ်မင်ဘုံကျောင်းနှင့် ကုန်သည်များက အလှူငွေကျပ်သိန်းတစ်ရာတို့ကို လည်းကောင်း၊မေ ၁၃ ရက်တွင် မယ်ဆိုင်လူဝင်မှုကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ် ၁၀၉၈၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်းများ၊ သောက်ရေသန့်ဘူးများနှင့် လူသုံးကုန်ပစ္စည်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပစ္စည်းလက်ခံရေးအဖွဲ့တို့က စနစ်တကျလက်ခံပြီး သက်ဆိုင်ရာသို့ ဆက်လက်ပေးပို့ခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံအလှူရှင်များက တာချီလိတ်မြို့မှတစ်ဆင့် လှူဒါန်းသော တန်ဖိုးစုစုပေါင်းမှာ ပစ္စည်းတန်ဖိုးငွေ ၁၄၄၄၆၄၆၉ ကျပ်၊ အလှူငွေ သိန်းတစ်ရာနှင့် ဘတ်ငွေ ၈၁၉၈၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၂၉

ဂျပန်နိုင်ငံမှ Dr. Kanai Kaname ဦးစီးသော အဖွဲ့ဝင် ၂၃ဦးပါဝင်သည့် ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် ယနေ့ညနေ ၅ နာရီ ၂၅ မိနစ်တွင် Boeing-767 လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ ဆေးအကာအကွယ်ပေးရေးအဖွဲ့နှင့်အတူ ဆေးပစ္စည်းများ၊ အစားအစာများ၊ မိုးကာတဲများ၊ လူ့အသုံးအဆောင်ပစ္စည်းများ စုစုပေါင်း ၃ ဒသမ ၀၅ တန် ပါရှိပြီး တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၅-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၈း၀၀	၅။	အကပြိုင်ပွဲ
၈း၀၅	၆။	ရုပ်မြင်ရသတေးစုကဏ္ဍ
၈း၃၀	၇။	International News.
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၃၀	၂။	အဆိုပြိုင်ပွဲ
၄း၂၅	၃။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၅၀	၄။	နှောင်းခေတ်တေးပဒေသာ
၅း၁၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၃၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၄၅	၇။	တေးဂီတအစီအစဉ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	သုတစုံလင်ရွှေညဏ်ရှင်
၇း၁၀	၁၁။	လက်ဆင့်ကမ်းပေးဂီတတေး
၇း၃၀	၁၂။	တေးဂီတအစီအစဉ်
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "မတော်တဆ--လေ'း' (အပိုင်း-၁) (မင်းမော်ကွန်း၊နန္ဒာလှိုင်) (ဒါရိုက်တာ-မိုးအောင်)**
	၁၇။	အစီအစဉ်ပြီး၏။

အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ အဆောက်အအုံများ ပြုပြင်ပြီးစီးမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၈ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဝင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝန်ကြီးရုံး(ရုံးခွဲ) ဧည့်ခန်းမ၌ Htay Family Co, Ltd မန်နေဂျင်းဒါရိုက်တာ ဦးလှဌေးနှင့်အဖွဲ့အား တွေ့ဆုံ၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ)အတွင်းရှိ ရုံးအဆောက်အအုံနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် သယ်န်းကျွန်းမြို့နယ် သမိုင်းဝင် ရွှေနားပန်စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး လေဘေးသင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကာ ဂေါပကအဖွဲ့မှ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းစီမံပေးခဲ့ပြီး အလှူငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညနေ ၄ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အတွင်းရှိ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအတွက် သင်္ကန်းဒွိစုံ ၅၀၀ ကို မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များထံ ဆက်ကပ်လှူဒါန်းပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေဘေးသင့် ခံရသော အမှတ်(၂၂)ရပ်ကွက်၌ ပြင်ပ အလှူရှင်များနှင့်အတူ စားသောက်ဖွယ် ပစ္စည်းစုံအိတ်များကို လေဘေးသင့် ပြည်သူများထံ ကိုယ်တိုင် ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေသော လေဘေးသင့် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

လေဘေးသင့် လူနာများအား ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုအားပေး

ရန်ကုန် မေ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မေ ၂၈ ရက် နံနက် ၁၀ နာရီတွင် ဗဟိုဆေးသိုလှောင်ရေးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယ ညွှန်ကြားရေးမှူးများအား တွေ့ဆုံ၍ လေဘေးသင့်ဒေသနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆေးအဖွဲ့များစေလွှတ်မှု၊ ဆေးဝါးများ သိုလှောင်ထားရှိမှု၊ ဆေးဝါးများပံ့ပိုးမှု စနစ်တကျ ဖြစ်စေရေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထုပ်ပိုးဖြန့်ဝေ

ထို့နောက် ဒုတိယဝန်ကြီးသည် ဗဟိုဆေးသိုလှောင်ရေးဌာန၌ ရောက်ရှိနေသော နိုင်ငံတကာမှ ကူညီပံ့ပိုးမှုရရှိသည့် ဆေးနှင့်ဆေးပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ထုပ်ပိုးဖြန့်ဝေပို့ဆောင်မှုများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ထိခိုက်ဒဏ်ရာ ခွဲစိတ်ကုသဆောင်နှင့် အထွေထွေ ခွဲစိတ်ကုသဆောင်များ၌ တက်ရောက်ကုသမှုခံယူနေသော လေဘေးသင့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဖြည့်ဆည်း

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မျက်နှာ၊ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ပြုပြင် ကုသမှုဌာန၌ တက်ရောက်ကုသမှုခံယူနေသော လေဘေးသင့်လူနာများအား သွားရောက်ကြည့်ရှုအားပေးပြီး ဖျာပုံမြို့နယ်မှ သားဖွားဆရာမ ဒေါ်ခင်မာအေးအား ထောက်ပံ့ငွေများပေးအပ်ကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် အကြောအဆစ်ရောဂါကုဌာန အတွင်းလူနာခန်းရှိ အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသဆောင်များရှိ လေဘေးသင့် လူနာများအား လှည့်လည်ကြည့်ရှုအားပေး၍ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းအပ်နှံရေး ဆောင်ရွက်မှုများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် မေ ၂၇ ရက်တွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၉) အခြေခံပညာ မူလတန်းကျောင်းတို့သို့ ရောက်ရှိပြီး အဆိုပါကျောင်းများ၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ ဆရာ၊ ဆရာမများ၏ ကျောင်းအပ်နှံရေး ဆောင်ရွက်နေမှုများနှင့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးပစ္စည်းများ အလှူဒါနပြုနိုင်

ရန်ကုန် မေ ၂၉

မုန်တိုင်းကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဘုန်းတော်ကြီးကျောင်းများ၊သာသနိက အဆောက်အအုံများ အမိုးလန်ခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပွားခဲ့သည်။ ပျက်စီးဆုံးရှုံးခဲ့သော ဘုန်းတော်ကြီးကျောင်းများနှင့် သာသနိကအဆောက်အအုံများပြုပြင်ရန် အလှူငွေများ၊ အမိုးသွပ်နှင့် ဆောက်လုပ်ရေးပစ္စည်းများ လိုအပ်လျက်ရှိပါသဖြင့် သဒ္ဓါတရားနည်းများမဆို ကုသိုလ်ယူ လှူဒါန်းလိုပါကဦးဇာနည်ဝင်း ညွှန်ကြားရေးမှူး သာသနာရေးဦးစီးဌာန ဖုန်း-၀၉၈၆-၀၀၁၁၅၊ ၀၉၅၁-၃၅၈၃၇ သာသနာရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ) ကမ္ဘာအေးစေတီလမ်းနှင့် ဦးစိုးနိုင် ဒုတိယညွှန်ကြားရေးမှူး ရန်ကုန်တိုင်း သာသနာရေးမှူးရုံး ဖုန်း-၀၁-၇၂၆၀၈၈၊ ၀၉၅၁-၉၁၅၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသည်။

(သတင်းစဉ်)

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကျိုက်သုတ်စေတီ၊ ကျိုက်သလ္လံစေတီနှင့် ဦးဇိနစေတီတော်တို့၌ ညောင်ရေသွန်းပွဲတော်များ ကျင်းပ

ရန်ကုန် မေ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ပေါ်ရှိ သမိုင်းဝင်စေတီတော်များ ဖြစ်ကြသော ကျိုက်သုတ်စေတီတော်မြတ်ကြီး၊ ကျိုက်သလ္လံ စေတီတော်မြတ်ကြီးနှင့် ဦးဇိနစေတီတော်မြတ်ကြီးတို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကဆုန်ညောင်ရေသွန်းပွဲတော်များကို မေ ၁၉ ရက် (ကဆုန်လပြည့်နေ့)တွင် အဆိုပါ စေတီတော်များရှိ ဗောဓိညောင်ပင်တို့၌ ကျင်းပသည်။

ကျိုက်သုတ်စေတီတော်

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ဂေါပကအဖွဲ့ဝင်ဥက္ကဋ္ဌ ဦးရွှေရင်၊ အတွင်း ရေးမှူး ဦးမျိုးခိုင်တို့ဦးစီး၍ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက စေတီတော်ရင်ပြင်ရှိ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်း ပူဇော် ကြသည်။

ကျိုက်သလ္လံစေတီတော်

အလားတူ မော်လမြိုင်မြို့လှိုင်ရပ်ရှိ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုမင်းက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဟန်လွင်၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့ ဦးဆောင်ကာ ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများက စေတီတော်ရင်ပြင်ရှိ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဦးဇိနစေတီတော်

ထို့အတူ မော်လမြိုင်မြို့ပန်းဘဲတန်းရပ်ရှိ ဦးဇိနစေတီတော်မြတ်ကြီး၏ ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ဂေါပကအဖွဲ့ ဦးစီးနာယက ဦးစိန်မြင့်၊ ဥက္ကဋ္ဌ ဦးဝင်း၊ အတွင်းရေးမှူး ဦးလှတင်နှင့် ဂေါပကအဖွဲ့ဝင်များ ဦးဆောင်ကာ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက စေတီတော်ရင်ပြင်ဘုရားလေးဆူအတွင်းရှိ ဗောဓိညောင်ပင်အားညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ အဆိုပါ ညောင်ရေသွန်းပွဲတော်များ၌ အလှူရှင်များက အချိုရည်၊ သောက်ရေသန့်၊ မုန့်မျိုးစုံတို့ဖြင့် ဒါနပြုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ ဒေါ်နီလာသော်တို့ ဧရာဝတီတိုင်း မအူပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင် အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၉

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ စေတနာရှင် ပြည်သူများက ငွေ ကျပ် ၂၆၉၁၀၂၀၀ တန်ဖိုးရှိ ထောက်ပံ့ရေး ပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ စေတနာရှင် ပြည်သူများက ငွေကျပ် ၃၈၆၅၀၀တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေး ပစ္စည်းများကို လည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အလှူငွေ ကျပ်၉၆၈၁၀၀ နှင့်ငွေကျပ် ၂၄၅၆၅၆၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ တနင်္သာရီတိုင်းမှ စေတနာရှင် ပြည်သူများက ငွေကျပ် သိန်း၁၀၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းမှ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သား မိသားစုများကအလှူငွေကျပ် ၁၂၉၈၀၀၀၀ ကိုလည်းကောင်း၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၀၇၉၉၆၇၀ တန်ဖိုးရှိ ခိုင်းနွား ၅၄ကောင်၊ စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ အဝတ်အထည်မျိုးစုံနှင့် လူသုံးကုန် ပစ္စည်းများကိုလည်းကောင်း အသီးသီးပေး အပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၁၁၆၃၀၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ဖိုးမှာငွေကျပ် ၁၃၈၂၄၀၀၇၀ဖြစ်ပြီး မေ ၂၉ရက်အထိလှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေး ပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေ ၁၀၁၈၇၀၀၆၆၆၄ ကျပ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၉

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ခြင်ထောင်များ၊ စောင်များ၊ ကျန်းမာရေးသုံး ပစ္စည်းများ စုစုပေါင်း ၆၂ ဒသမ ၆၈တန်သည် IL-76 လေယာဉ်နှစ်စင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် ယနေ့နံနက် ၃ နာရီ ၁၉ မိနစ်၊ မွန်းလွဲ ၁၂နာရီ ၁၄မိနစ်နှင့် ည ၇နာရီ၁၀မိနစ်တို့တွင် လည်းကောင်း၊ အမေရိကန် ပြည်ထောင်စုမှ မီးဖိုချောင်သုံး ပစ္စည်းများ၊ ခြင်ထောင်များ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ပလတ်စတစ်စများ စုစုပေါင်း ၄၂ ဒသမ၄၈တန်သည်C-130 လေယာဉ်လေးစင်းဖြင့် နံနက် ၁၀ နာရီ၄မိနစ်၊ နံနက် ၁၁နာရီ ၇မိနစ်၊ မွန်းလွဲ ၁၂ နာရီ ၈ မိနစ်နှင့် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံမှထိုင်း ဆေးအကာအကွယ်ပေးရေး အဖွဲ့အတွက် ပေးပို့သော အစားအစာများ၊ ဆေးဝါးများ၊ ရေသန့်များ စုစုပေါင်း ရှစ်တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ တပ်မတော်နှင့် ပြည်သူများမှ လှူဒါန်းသော ဝက်ပေါင်ခေါက်ဆွဲခြောက်များ၊ ဆန်များ စုစုပေါင်း ၈ ဒသမ ၈၇၉ တန်သည် C-130 လေယာဉ်ဖြင့် နံနက် ၁၁နာရီ ၁၈ မိနစ်တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Reletx Relief Supplies မှ ပလတ်စတစ်စများ စုစုပေါင်း ၃၇ ဒသမ ၆၇ တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီ မိနစ်၂၀တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

အလားတူ ဗြိတိန်နိုင်ငံ အခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ စောင်များ စုစုပေါင်း ၃၆ ဒသမ ၄တန်သည် A-300 လေယာဉ်ဖြင့် မေ ၂၈ရက် ည၉ နာရီ ၂၉ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များ၌ ပစ္စည်းလက်ခံရယူရေးအဖွဲ့များကစနစ်တကျ လက်ခံရယူပြီး နှောင့်နှေး ကြန့်ကြာမှု မရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MEGA Products Ltd. မှ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ငွေကျပ် ၈၃၄၀၀၀၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို မေ ၂၉ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကျော်မြင့်နိုင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များထံ လာရောက်လှူဒါန်းစဉ်။(က-ပ)

သောက်သုံးရေနှင့် ပတ်သက်၍ သတိပေးနှိုးဆော်ချက်

- ❖ မသန့်ရှင်းသော သောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှော ရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- ❖ သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ❖ ရေသန့်ပင်ဖြစ်လင့်ကစား မသက်ာပါက ရေကို ကျိုချက်ပြီးမှ သောက်ပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	အမျိုးသားရေးတေး ကဗျာ
၄း၄၀	၇။	ရင်မှာစွဲလန်း တော်ဝင်ပန်း
၄း၅၀	၈။	အမျိုးသားရေး တေးကဗျာ
၅း၀၀	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေး တေးကဗျာ
၆း၂၅	၁၄။	စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၆၉)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေး တေးကဗျာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း - **သွေးသစ္စာတား** အပိုင်း(၂၄)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မြန်မာနိုင်ငံ မြောက်ပိုင်းသို့ မုတ်သုံလေဝင်ရောက်နိုင်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် မေ ၂၉

ယနေ့နံနက် ၉နာရီခွဲ အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်း ရွာခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန် တို့ထက်(၆)ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက် ပိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် (၃)ဒီဂရီစင်တီဂရိတ်မှ (၄) ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မိုးကုတ်မြို့တွင် ၂ဒသမ၈၀လက်မ၊ကျောက်ဖြူမြို့နှင့် လောင်းလုံမြို့တို့တွင် ၂ ဒသမ ၅၂ လက်မစီ၊ ရေးမြို့တွင် ၂ ဒသမ ၂၀လက်မ၊ ထားဝယ်မြို့တွင် ၁ဒသမ၈၅ လက်မ၊ ကလေးဝမြို့တွင် ၁ဒသမ၈၁ လက်မနှင့် စစ်တွေမြို့တွင် ၁ ဒသမ ၄၆ လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မေ ၃၀ရက်နေ့ ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာ အနှံ့အပြား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်မည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ ဒသမ၀ ဒီဂရီစင်တီဂရိတ် (၈၈ ဒီဂရီဖာရင်ဟိုက်)	၂၈-၅-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၇၂ ဒီဂရီဖာရင်ဟိုက်)	၂၉-၅-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း	၂၉-၅-၂၀၀၈
နေပူသည့်နာရီပေါင်း(၁ ဒသမ ၇)နာရီခန့်	၂၈-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၉-၅-၂၀၀၈	၁၈ မ မ(၀ဒသမ၇၁လက်မ)	၂၁မမ(၀ ဒသမ ၈၃ လက်မ)	၁၂မမ(၀ ဒသမ ၄၇ လက် မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၇၂၉ မမ(၂၈ဒသမ၇၀လက် မ)	၈၅၅မမ (၃၃ဒသမ၆၆လက်မ)	၁၀၃၀မမ(၄၀ဒသမ၅၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၈-၅-၂၀၀၈ နေ့ ၃း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ (၁၀)မိုင်နှုန်း တိုက်ခတ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ကျောက်ဖြူမြို့ရှိ ကျောက်ဖြူတပ်နယ် သတိုးမဟာဗန္ဓုလခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံကာ တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် ကျောက်ဖြူခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ ဌာနဆိုင်ရာများအနေဖြင့် အောက်ခြေအထိ ကွင်းဆင်းပြီး မိမိနယ်မြေအခြေအနေများ သိရှိအောင်ဆောင်ရွက်ရေး၊ လေမုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းသို့ ခိုင်းကျွဲ/နွားများနှင့် ရေငန်ခံ မျိုးစပါးများအား အမြန်ဆုံးပို့ဆောင်နိုင်ရေး ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ကျောက်ဖြူမြို့မှ မေယုအမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ တောင်ကုတ်မြို့သို့ ရောက်ရှိညအိပ်ရပ်နားသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၆ ရက် နံနက်ပိုင်းတွင် တောင်ကုတ်မြို့မှ ထွက်ခွာလာ၍ သံတွဲမြို့ အရှေ့မြောက်ဘက် ၂ မိုင်ခန့်အကွာရှိ သူဌေးရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းဇော်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ယာဉ်၊ စက်ယန္တရားရရှိအသုံးပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း ရေလွှဲဥမင် အမှတ်(၁)နှင့်(၂)အနီး၌ ယာဉ်၊ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

သူဌေးရေအားလျှပ်စစ်စီမံကိန်းသည် သူဌေးချောင်းပေါ်၌ တည်ဆောက်ထားပြီး ရခိုင်ပြည်နယ် တောင်ပိုင်းဒေသများသို့ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၃၈၆ သန်းကို ထုတ်လုပ်ဖြန့်ဖြူးပြီး မဟာဓာတ်အားလိုင်းစနစ်သို့ ဆက်သွယ်ရန်နှင့် ဒေသတွင်း ရေကြီးခြင်းမှ ကာကွယ်ရန် တည်ဆောက်ခြင်းဖြစ်သည်။ ရေလှောင်တမံ အလျား၂၀၂၈ ပေ၊ အမြင့် ၂၉၈ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ၆ ဒသမ၉၆ သိန်းဧကပေရှိကာ ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် တောင်ကုတ်-သံတွဲလမ်း ၄/၅ မိုင်တိုင်အနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း တောင်ကုတ် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးခြံရှိ ရော်ဘာ ၂၅ ဧက စိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌တောင်ကုတ် ရော်ဘာခြံ လက်ထောက်မန်နေဂျာ ဦးသန့်စင်ဝင်းက တောင်ကုတ်ရော်ဘာခြံ၌ စိုက်ပျိုးထားရှိမှုနှင့် ထုတ်လုပ်မှုအခြေအနေများကို လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးနိုင်ဦးက သံတွဲခရိုင်အတွင်း ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များ မှာကြားပြီး ခြံအတွင်း ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တောင်ကုတ် ရော်ဘာခြံသည် စုစုပေါင်း ၉၃၅ ဧက ကျယ်ဝန်းပြီး အစေးလှီးဧရိယာ ၁၁၅ ဧကနှင့် ထိန်းသိမ်း ဧရိယာဧက ၁၆၀ ရှိကာ ၂၀၀၇-၂၀၀၈ ခုနှစ်တိုးချဲ့စိုက်သည့် ဧရိယာမှာ ဧက ၃၀၀နှင့် တိုင်းပွားခင်းသုံးဧကတို့ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် တောင်ကုတ်မြို့ ပြည်သူ့ဆောက်လုပ်ရေးရုံးသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးအောင်ဌေးက တောင်ကုတ်-ပန်းတောင်းလမ်းအပိုင်းနှင့် တောင်ကုတ်-မအီလမ်းအပိုင်းများနှင့်ပတ်သက်၍ လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မအီမြို့နယ် ပြင်ဝန်း ဆောက်လုပ်ရေးရိပ်သာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ မအီ-ကျောက်ဖြူလမ်းအပိုင်း တာဝန်ခံအင်ဂျင်နီယာမှူး ဦးသန်းညွန့်နှင့် အမ်း-မအီလမ်းအပိုင်း တာဝန်ခံအင်ဂျင်နီယာမှူး ဦးအုန်းလွင်တို့က မအီ-ကျောက်ဖြူနှင့် အမ်း-မအီလမ်းအပိုင်းများ ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ ၂၀၀၇-၂၀၀၈ခုနှစ် လုပ်ငန်းစီမံချက်နှင့် ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့သည် မအီ-အမ်းလမ်းမိုင်တိုင်အမှတ် ၃၈/၄ သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးအုန်းလွင်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် အော်သဂဲတောင် ၁၇/၆ မိုင်သို့ရောက်ရှိပြီး မြေထိန်းနံရံ ဆောက်ရွက်ထားရှိမှု အခြေအနေများ၊ အော်သဂဲတောင်ကြား ရေထုတ်ပြွန်နေရာ၌ ကျောက်စီမြေထိန်းနံရံများ ဆောက်လုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာမှူး ဦးအုန်းလွင်က ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တည်ဆောက်ဆဲ ဂန္ထဝင်ဓာတုစေတီတော်အတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၂၉

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ (၄)ရပ်ကွက်ရှိ ရေတောင်တောရ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်းပရိဝုဏ်၌ ငွေကျပ်သိန်း ၄၀၀ အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော ဓာတ်တော် ၁၀၈ ဆူ ကိန်းဝပ်စံပယ်တော်မူမည့် ဂန္ထဝင်ဓာတုစေတီတော် တည်ဆောက်ရေးလုပ်ငန်းအတွက် ကွယ်လွန်သူ မိဘတို့အား ရည်စူး၍ မုဒုံမြို့နယ် မြို့မ ၁ရပ်ကွက် ယုဇနလမ်း စက်သစ်ရပ်နေ အုန်းပင် ဆေးလိပ်ရုံပိုင်ရှင် ဒေါ်အုန်းကြည်က မေ ၂၆ ရက်တွင် ဒုတိယအကြိမ်အဖြစ် အလှူငွေကျပ် ၁၀ သိန်းကို ရေတောင်တောရ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပညာဝရထံ ဆက်ကပ်လှူဒါန်းသည်။

အလှူရှင် ဒေါ်အုန်းကြည်သည် ပထမအကြိမ် လှူဒါန်းငွေကျပ် ကိုးသိန်းအပါအဝင်စုစုပေါင်း အလှူငွေကျပ် ၁၉ သိန်းကို လှူဒါန်းပြီးဖြစ်သည်။ စေတီတော်အတွက် လှူဒါန်းလိုသူများသည် ပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာဝရ ဖုန်း-၀၅၇-၇၀၈၃၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဌာနကြီးမှူးများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြသီဂီ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်တင်တင်နွဲ့တို့ ကျောက်တန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (ပို့ဆောင်ရေး)

ကျောက်တန်းမြို့နယ် လေဘေးသင့်ပြည်သူများအတွက် ဆေးဝါး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြသီဂီ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်တင်တင်နွဲ့နှင့်အတူ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်ဝေဝေနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ဇနီးများ၊ စေတနာရှင် အလှူရှင်များသည် မေ ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းရှိ လေဘေးသင့်မိသားစုများနေထိုင်သည့် ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြပြီး AA Medical Products Ltd မှ ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ် မိသားစုက ငွေကျပ် ၂၆ သိန်း ငါးသောင်း ခြောက်ထောင် တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ၊ KSS နတ်သုဒ္ဓါဒံပေါက်မှ ဦးထွန်းမြင့် - ဒေါ်အေးအေးညွန့် (မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အဖွဲ့ဝင်)မိသားစုက ငွေကျပ် ခြောက်သိန်း တန်ဖိုးရှိ နံနက်စာ ထမင်း၊ ဟင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကျောက်တန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ ငွေကျပ် ၁၈ သိန်းကျော် တန်ဖိုးရှိ ကျား/မ ဖိနပ် အရံ ၇၀၀၊ ကျား၊ မဝတ်လုံချည် အထည် ၅၀၀၊ ရွှေဝါဆပ်ပြာအတောင့် ၃၀၀ နှင့် လူသုံးကုန်ပစ္စည်းတို့ကို လေဘေးသင့်ပြည်သူများအား အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ သန်လျင်မြို့နယ်မှ လေဘေးသင့်မိသားစုဝင်များ၏ သားသမီးများအား ကျောင်းသုံးပစ္စည်းနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့လှူဒါန်းစဉ်။ (သတင်းစဉ်)

လေဘေးသင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့

ရန်ကုန် မေ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိလေဘေးသင့်မိသားစုဝင်များ၏ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို မေ ၂၈ ရက် နံနက်၁၀ နာရီတွင် သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ သန်လျင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ပြာဝင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများအား ငွေကျပ် ခုနစ်သိန်း တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏ မေတ္တာစေတနာများ(၁)

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မည်သူမျှ လွန်ဆန်၍ မရနိုင်သည့်၊ ရှောင်လွှဲရန်မတတ်နိုင်သည့် သဘာဝဖြစ်စဉ်သာ ဖြစ်ပါ သည်။ ကမ္ဘာဦးအစကပင် ဤကမ္ဘာပေါ်၌ တည်ရှိခဲ့ပြီး ဒေသတိုင်း၊ နိုင်ငံတိုင်း တစ်ချိန်မဟုတ်တစ်ချိန် သဘာဝဘေး အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်သာဖြစ်ပါသည်။ လေပြင်းလှုပ်ခြင်း၊ မုန်တိုင်း တိုက်ခြင်း၊ ရေကြီးခြင်း၊ မီးတောင် ပေါက်ကွဲခြင်းတို့မှစ၍ ဆူနာမီအထိ ဒေသတိုင်း၊ ပြည်သူတိုင်း မလွဲမသွေ တွေ့ကြုံခံစားကြရစမြဲသာ ဖြစ်ပါသည်။ သဘာဝ ဘေးအန္တရာယ် ကျရောက်လေတိုင်းလည်း ၎င်း၏ အဖျက် စွမ်းအား ပြင်းထန်ကြီးမားမှုအပေါ် မူတည်၍ ဒေသခံ ပြည်သူ များ၏ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများ၊ ကြေကွဲ ဝမ်းနည်းဖွယ် ဖြစ်ရပ်ဆိုးများကို မလွဲမသွေ တွေ့ကြုံခံစား ကြရစမြဲသာ ဖြစ်သည် မဟုတ်ပါလား။

ကျွန်တော်တို့နိုင်ငံ၌လည်း မကြာသေးမီက နာဂစ် ဆိုင်ကလုန်း မုန်တိုင်းကြီး၏ဒဏ်ကို နဖူးတွေ့ဒူးတွေ့ ခံစားခဲ့ကြ ရပါပြီ။ ကျွန်တော်တို့ ပြည်သူများမှာ တစ်သက်နှင့်တစ်ကိုယ် မုန်တိုင်းနှင့်ပတ်သက်၍ အတွေ့အကြုံကြီးကြီးမားမား မရှိခဲ့ သည့်အတွက် ဤမျှအထိ ပျက်စီးဆုံးရှုံးမှု ကြီးမားလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့နိုင်ငံ၏သမိုင်း၌ မကြုံစဖူး ထူးကဲပြင်းထန်လှပြီး အဖျက်စွမ်းအား ကြီးမားလှ သည့် နာဂစ်မုန်တိုင်းကြီးသည် လတ်တလော အခြေအနေတွင် ယနေ့မီဒီယာများ၏ အဓိကဇာတ်လိုက်ကျော်ကြီး ဖြစ်နေခဲ့ ပါပြီ။ ပြည်တွင်း၊ ပြည်ပ မီဒီယာအားလုံး နာဂစ်မုန်တိုင်း အကြောင်း ပြောမဆုံး၊ ရေးမဆုံး၊ ပြမဆုံးဖြစ်နေသည့် အခြေ အနေမျိုး၌ မီဒီယာများ၏ တင်ဆက်မှုကြောင့် ကျွန်တော်တို့ တစ်တွေသည်လည်း နာဂစ်နှင့် ပတ်သက်သည့် ရသမျိုးစုံကို တွေ့ထိခံစားခွင့် ရနေကြပြီဟု ဆိုချင်ပါသည်။

နာဂစ်မုန်တိုင်းကြီးတိုက်ပြီး ရန်ကုန်တိုင်းနှင့် မြစ်ဝ ကျွန်းပေါ်ဒေသအချို့၌ အပျက်အစီး အဆုံးအရှုံးကြီးမားခဲ့ ပုံများကို မြင်ရသိရ ကြားရသည့်အခါ လွန်စွာထိတ်လန့် အံ့သြမိသကဲ့သို့ များစွာဝမ်းနည်းကြေကွဲခဲ့ကြရပါသည်။ လေဘေးဒုက္ခသည်များအတွက်လည်း အတော်ပင် စာနာ ပူပန် စိုးရိမ်ကြောင့်ကြခဲ့မိကြပါသည်။ တစ်ဖန် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး၏ ကယ်ဆယ်ရေးလုပ်ငန်း များကို အမျိုးသားရေးအဆင့်သတ်မှတ်ပြီး ချက်ချင်း ဆောင်ရွက်ကြရန်လမ်းညွှန်ချက်နှင့်ဒုတိယဗိုလ်ချုပ်မှူးကြီး တို့၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့် ရှောက်ရေးဗဟိုကော်မတီက ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်နေကြသည်ကို မြင်ရ သိရပြန် သည့်အခါ လေဘေးဒုက္ခသည်များအတွက် ဘဝင်ကျ စိတ် အေးရသည့်အပြင် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ၏ အားမာန်အပြည့်ဖြင့် တက်တက်ကြွကြွ သယ်ပိုးထမ်းရွက်နေ **ကြပုံများ၊ စေတနာအပြည့်ထားပြီး ကယ်ဆယ်စောင့်ရှောက် ကူညီနေကြပုံများကလည်း ဝမ်းသာအားတက် ယုံကြည်မှုများ ကို မွေးဖွားပေးနိုင်ခဲ့ပြန်ပါသည်။** ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် အပါအဝင် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ် ရေးဦးစီးချုပ်(လေ)၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများ၊ တိုင်းမှူးများ၊ တပ်မမှူးများ၊ ဒုတိယဝန်ကြီးများအားလုံး ဒုက္ခသည်များနှင့်အတူ မိုးထဲရေထဲ၌ ရုန်းကန်လက်တွဲ လှုပ်ရှား နေကြသည်များ၊ တရင်းတနှီး အားပေးစောင့်ရှောက် ပံ့ပိုးနေကြ သည်များ မြင်ရတွေ့ရပြန်သည့်အခါတွင်လည်း အစိုးရနှင့် ပြည်သူဆိုသည် မိဘနှင့် သားသမီးသဖွယ်ပါပဲဟု တွေးရင်း ဘယ်ပန်းချီရေးမမှီနိုင်သည့် မိဘမေတ္တာကို ခံစားမိပြီး မျက်ရည် များပင် လည်ခဲ့မိပါ၏။

အမှန်တကယ်လည်း **အစိုးရနှင့် ပြည်သူဆိုသည်မှာ မိဘ နှင့် သားသမီးသာဖြစ်ပါ၏။ ကိုယ့်သားသမီးဒုက္ခရောက်နေ ချိန်၌ ဘယ်လိုမိဘမျိုးကမျှ မျက်နှာလွှဲနေနိုင်မည်မဟုတ်ပါ။ သားသမီးများ ဒုက္ခရောက်ခြင်းသည် ကိုယ်တိုင်ဒုက္ခခံစားရ ခြင်းထက် မိဘတို့ရင်ကိုပိုပြီးပူလောင်စေပါသည်။ထို့ကြောင့် လည်း "မင်းတို့အစား ငါတို့ပဲ ဒုက္ခခံလိုက်ချင်တယ်"ဟု မိဘ များက ပြောလေ့ရှိကြခြင်းဖြစ်ပေမည်။ တကယ်လည်း မိဘ တိုင်းသည် အရေးအကြောင်းဆိုလျှင် သားသမီးများ၏ရှေ့က**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းတွင် ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန် မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီး
စကားများက လေဘေး
အားငယ်နေသည့် ပြ
ပန်းများ ဝေစေခဲ့ပါသ
များ ရင်းနှီးနွေးထွေး
ကို ရုပ်မြင်သံကြား၌
တို့ ပြည်သူများအာ
ကိုယ်စီအပြုံးပန်းမျ
ပါသည်။

ရင်ကော့ပြီး မားမားမတ်မတ် ရပ်
သို့ သားသမီးဖြစ်သည့် ပြည်သူမ
မိဘအရာထားရသည့် ဝန်ကြီးချုပ်
ဆင်းပြီး ဒုက္ခကို ထပ်တူမျှဝေ ခံစား
အားပေးကူညီ စောင့်ရှောက်နေသ
တို့အတွက် ကရုဏာရသနှင့် ဟဒ
ခဲ့ပါ၏။

နိုင်ငံတော်ပိုင်းအနေဖြင့် ဒု
ရိက္ခာ၊ ယာယီအမိုးအကာ၊ ဆေး
လိုအပ်ချက်များကို ဗဟိုအဆင့်မှ
ထောက်ပံ့ပေးခဲ့သကဲ့သို့ ပြည်တွ
လှူဒါန်းကူညီမှုများနှင့်လည်း ပံ့ပိ
သည့်နေရာများသို့ လိုအပ်သည
အောင် ပံ့မှန်ထောက်ပံ့ရေး လမ်း
ပေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့အခြေ
ရှောက်မှုလုပ်ငန်းများ အတော်အ
ခဲ့ပြီးသည့်နောက်တွင် နိုင်ငံတော်
သန်းရွှေသည် မေလ ၁၈ ရက်
လေဘေးသင့်ဒေသများသို့ ကွင်
ပြီး လေဘေးသင့်ပြည်သူများအ
သည်။ ဝန်ကြီးချုပ်ကိုယ်တိုင် အနီ
ခြင်းဖြစ်သည့်တိုင် နိုင်ငံတော်အကြ
ဘေးသင့် ပြည်သူများကို **စာမျက်**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒေးဒရဲမြို့နယ် ကယ်ဆယ်ရေး စခန်းတွင် လေဘေးသင့်ပြည်သူများအား အမိုးအကာ လုံခြုံစွာ စနစ်တကျ နေရာချထားပေးမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒဂုံမြို့သစ်(တောင်ပိုင်း) ကယ် ဆယ်ရေးစခန်း ကျန်းမာရေးဆေးခန်းတွင် ကြည့်ရှုစစ်ဆေး စဉ်။ (သတင်းစဉ်)

စတနာများ(၁)

ကျော်ရဲမင်း

နိုင်ငံတော်အကြီးအကဲ၏ နွေးထွေးလှိုက်လှဲသောအားပေး စကားများက လေဘေးဒဏ်ကြောင့် ဒုက္ခရောက်ပြီး ညှိုးနွမ်းအားငယ်နေသည့် ပြည်သူများကို အားတက်ရွှင်လန်း အပြုံးပန်းများ ဝေစေခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးနှင့် ဒုက္ခသည်များ ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးနေသည့် မြင်ကွင်းကို ရုပ်မြင်သံကြား၌ စောင့်မျှော်ကြည့်ရှုရင်း ကျွန်တော်တို့ ပြည်သူများအားလုံးလည်း အားရကျေနပ်မှုနှင့်အတူ ကိုယ်စီအပြုံးပန်းများ ပွင့်လန်းဝေဆာ ကြည်နူးခဲ့ကြရပါသည်။

ရင်ကော့ပြီး မားမားမတ်မတ် ရပ်ကြမြဲသာ ဖြစ်ပါ၏။ ယခုကဲ့သို့ သားသမီးဖြစ်သည့် ပြည်သူများ ဒုက္ခရောက်နေချိန်တွင် မိဘအရာထားရသည့် ဝန်ကြီးချုပ်နှင့် လူကြီးများကိုယ်တိုင် ကွင်းဆင်းပြီး ဒုက္ခကို ထပ်တူမျှဝေ ခံစားပေးရင်း နွေးနွေးထွေးထွေးဖြင့် အားပေးကူညီ စောင့်ရှောက်နေသည့် ပုံရိပ်များသည် ကျွန်တော်တို့အတွက် ကရုဏာရသနှင့် ဟဒယပီတိကို ပြိုင်တူပေးစွမ်းနိုင်ခဲ့ပါ၏။

နိုင်ငံတော်ပိုင်းအနေဖြင့် ဒုက္ခသည်များအတွက် ဆန်၊ ရိက္ခာ၊ ယာယီအမိုးအကာ၊ ဆေးဝါးစသည့် လတ်တလော လိုအပ်ချက်များကို ဗဟိုအဆင့်မှ စီမံတွက်ချက် ဖြည့်ဆည်းထောက်ပံ့ပေးခဲ့သကဲ့သို့ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ လှူဒါန်းကူညီမှုများနှင့်လည်း ပံ့ပိုးပေးလျက်ရှိသည်။ လိုအပ်သည့်နေရာများသို့ လိုအပ်သည့်ပစ္စည်းများ အချိန်မီရရှိအောင် ပံ့မှန်ထောက်ပံ့ရေး လမ်းကြောင်းများလည်း စီစဉ်ပေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့အခြေခံအဆင့် ကယ်ဆယ်စောင့်ရှောက်မှုလုပ်ငန်းများ အတော်အသင့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးသည့်နောက်တွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မေလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့ အထိ လေဘေးသင့်ဒေသများသို့ ကွင်းဆင်းသွားရောက်စစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခဲ့ပါသည်။ ဝန်ကြီးချုပ်ကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်နေခြင်းဖြစ်သည့်တိုင် နိုင်ငံတော်အကြီးအကဲအနေနှင့်လည်း လေဘေးသင့် ပြည်သူများကို **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။
(သတင်းစဉ်)

ထောက်ပံ့ရေး ပစ္စည်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဒဂုံမြို့သစ် (မြောက်ပိုင်း) ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့် ပြည်သူများအား ဖြန့်ဝေပေးမည့် ပြည်တွင်း/ပြည်ပမှ ထောက်ပံ့ရေး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လှိုင်သာယာမြို့နယ် ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့် ပြည်သူများ အသုံးပြုလျက်ရှိသည့် ရေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

✳ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ကိုယ်တိုင်တွေ့ဆုံ အားပေးပံ့ပိုး ဆောင်ရွက်ပေးလိုသည့် မိဘသဖွယ် စိတ်ဓာတ်အရင်းခံမျိုးနှင့် များပြားလှသည့် နိုင်ငံ့တာဝန်များကြားက မရအရ အချိန်ယူပြီး မရောက်ရောက်အောင် သွားခဲ့ခြင်းပင်ဖြစ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးသည် လှိုင်သာယာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံ၊ ပုသိမ်၊ လပွတ္တာ၊ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး စသည့် အဓိကလေဘေးဒဏ်ခံရသည့်ဒေသများသို့ အရောက်သွားပြီး ဒုက္ခသည်ပြည်သူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးခဲ့ပါသည်။ ထို့အပြင် အတွေ့အကြုံရင့်ကျက်ပြီး အမြော်အမြင်ကြီးမားသူပီပီ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ပြီး ပိုမိုထိရောက်ကောင်းမွန်သည့်၊ အမှန်တကယ်လိုအပ်သည့် လမ်းညွှန်ပံ့ပိုးဆောင်ရွက်မှုများကိုလည်း ဆုံးဖြတ်ချမှတ်ပေးနိုင်ခဲ့ပါသည်။ ဒေသခံ ဒုက္ခသည်များအတွက် အမြဲတမ်း စွဲထင်အမှတ်ရနေစေမည့် တွေ့ဆုံအားပေး ပံ့ပိုးမှုများဖြစ်သကဲ့သို့ ဒေသအတွက်လည်း ရာသက်ပန်အကျိုးဖြစ်ထွန်းစေမည့် ရလဒ်များ အထင်အရှားကျန်ရစ်စေခဲ့မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ အဆိုပါခရီးစဉ်သည် အမှန်ပင်ထူးခြားပြီး အကျိုးကျေးဇူးကြီးမားလှသည့် ခရီးစဉ်ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မုန်တိုင်းကျရောက်ပြီးသည်နှင့် တစ်ပြိုင်နက် လေဘေးသင့်ဒေသများသို့ သွားရောက်ရန် ရည်စူးခဲ့ပါသည်။ သို့သော် ဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်ပြီး လုပ်နေသည့် ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်နှင့် **အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ပါစေတော့ဆိုသည့် ဆင်ခြင်သုံးသပ်မှုမျိုးနှင့် ယခုကဲ့သို့ လုပ်ငန်းများ အတော်အသင့်** ဆောင်ရွက်ပြီးစီးသည့် အခြေအနေရောက်မှ လာရောက်ခဲ့ခြင်း **ဖြစ်ပါသည်။ မိမိ၏ ပုဂ္ဂလိကဆန္ဒထက် ဒုက္ခသည်များ၏အရေးကို ဦးစားပေးပြီး ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်သည်အထိ ခေတ္တစောင့်ဆိုင်းပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ဆင်ခြင်တွေးခေါ်မှုနှင့် ရင်တွင်းမှ စေတနာအမှန်ကို သိလိုက်ရပြန်သည့်အခါ နိုင်ငံတော်အကြီးအကဲအပေါ် အမျိုးမျိုး ဝေဖန်ပုတ်ခတ်နေကြသည့် ပြည်တွင်းပုဆိန်ရိုးအချို့နှင့် ပြည်ပမီဒီယာများကို စိတ်ပျက်လက်ပျက်နှင့် "ကဲ..ဘာပြောချင်ကြသေးလဲ" ဟူ၍သာ မေးလိုက်ချင်ပါတော့သည်။**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးရန် အဖွဲ့ဝင်များနှင့်အတူ မေလ ၁၈ရက်နေ့ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ ဗိုလ်ချုပ်မှူးကြီးက ပြန်လည်ဆွေးနွေးသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့ပါသည်။

၎င်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၄၀ တွင် လှိုင်သာယာမြို့နယ်ရှိ အတွင်းပဒံကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအား နိုင်ငံတကာမှ ပေးပို့လှူဒါန်းသည့် ရွက်ဖျင်တဲများဖြင့် အမိုးအကာလုံခြုံစွာ စနစ်တကျ နေရာချထားပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးသည် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများ၏ ထောက်ပံ့ရေးပစ္စည်းများရရှိမှုအခြေအနေ၊ သုံးရေအတွက် ရေတုံကင်များ တပ်ဆင်ပေးထားမှု၊ ကျန်းမာရေးအတွက် ရေလောင်းအိမ်သာများ တည်ဆောက်ပေးထားမှုနှင့် လှိုင်သာယာမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း၏အမိုးများကို ကျောင်းဖွင့်ချိန်အမီ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၇) ရပ်ကွက် ရတနာပုံလမ်းရှိ အထူးကယ်ဆယ်ရေးစခန်းသို့လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၁၆) ရပ်ကွက် မောင်းမကန်ကမ်းသာလမ်းရှိ ကယ်ဆယ်ရေးစခန်းသို့လည်းကောင်း ရောက်ရှိကြပြီး ဒုက္ခသည်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ အားပေးစကားပြောကြားခဲ့ကြပါသည်။ **နိုင်ငံတော်အကြီးအကဲ၏ နွေးထွေးလှိုက်လှဲသော အားပေးစကားများက လေဘေးဒဏ်ကြောင့် ဒုက္ခရောက်ပြီး ညှိုးနွမ်းအားငယ်နေသည့် ပြည်သူများကို အားတက်ရွှင်လန်း အပြုံးပန်းများဝေစေခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးနှင့် ဒုက္ခသည်များ ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးနေသည့် မြင်ကွင်းကို ရုပ်မြင်သံကြား၌ စောင့်မျှော်ကြည့်ရှုရင်း ကျွန်တော်တို့ ပြည်သူများအားလုံးလည်း အားရကျေနပ်မှုနှင့်အတူ ကိုယ်စီအပြုံးပန်းများ ပွင့်လန်းဝေဆာ ကြည်နူးခဲ့ကြရပါသည်။**

နောက်တစ်နေ့ မေလ ၁၉ရက်နေ့ နံနက် ၇နာရီ မိနစ် ၅၀တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိကြပါသည်။ ရောက်ရှိပြီးနောက် ကွမ်းခြံကုန်းမြို့၏ လေဘေးဒဏ်သင့်မှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပါသည်။ ယင်းနောက် အောင်ဆန်းသူရိယလှသောင်း အားကစားကွင်းရှိ ကွမ်းခြံကုန်းမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်၌ ကွမ်းခြံကုန်းဒေသနှင့် ဒေးဒရဲဒေသတို့တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နေသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များကို မေးမြန်းညှိနှိုင်းဖြည့်ဆည်းပေးပြီး လမ်းညွှန်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသည် ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ အားပေးစကားပြောကြားပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးပေးခန်းကိုပါ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်း ဆေးပေးခန်း၌ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ယင်းနောက် ဆိုလာ ဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ထားရှိမှုနှင့် စီဒီအမ်အေ ဆက်သွယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှု၊ အဝီစိတွင်းမှရေကို ရေသန့်စင်စက်ဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား မီးစက်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှု၊ ဂက်စ်မီးဖိုများဖြင့် ချက်ပြုတ်စားသောက်ရေး အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၉

ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Chaiya Sasomsub နှင့် အဖွဲ့သည် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ယနေ့နံနက် ၉ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးအား ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးအား ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ လေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အခြေခံကျသည့် ကလိုရင်းဆေးခတ်၍ ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်မှု၊ ယင်းလုံအိမ်သာ ဆောက်လုပ်သုံးစွဲမှုများကို ဦးစားပေး ဆောင်ရွက်လျက်ရှိမှုနှင့် အထူးကုဆရာဝန်ကြီးများ၊ ကွင်းဆင်းကုသရေးအဖွဲ့များက ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့်အတူ ကျန်းမာရေးအသိပညာပေး ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ထိုင်းနိုင်ငံအနေဖြင့် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ချက်အရ မြောင်းမြမြို့နယ်ကို အခြေပြု၍ မြောင်းမြနှင့် လပွတ္တာမြို့နယ်များ၌ ကွင်းဆင်းဆေးကုသရေးအဖွဲ့များ ကူညီစေလွှတ်ပြီး ယခုအခါတွင် အဖွဲ့များလဲလှယ်၍ ကူညီပံ့ပိုးရန် လာရောက်ခြင်းဖြစ်ကြောင်းနှင့် ဆေးဝါးများကိုလည်း ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားပြီး ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့သည် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မောင်းမကန်ကမ်းသာလမ်းရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ကယ်ဆယ်ရေးစခန်း ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ ကုသရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Chaiya Sasomsub တို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ကယ်ဆယ်ရေးစခန်းတွင် ဆေးကုသရေးအဖွဲ့က လေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (ကျန်းမာရေး)

ထို့နောက် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့သည် ကျန်းမာရေး ဆေးပေးခန်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းထားရှိမှု၊ ကယ်ဆယ်ရေးစခန်းရှိ မိသားစုများ နေထိုင်စားသောက်မှုနှင့် ကယ်ဆယ်ရေးစခန်း ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပါကစ္စတန်နှင့် တာလီဘန် စစ်သွေးကြွများ ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ် သို့သော် အာဖဂန်တွင် တိုက်ခိုက်မှုများ မြင့်မားလာ

ကဘူး မေ ၂၈

ပါကစ္စတန်အစိုးရနှင့် တာလီဘန်စစ်သွေးကြွများ ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်သော်လည်း အာဖဂန်နစ္စတန်နိုင်ငံအတွင်း တွန်းလှန်တိုက်ခိုက်မှုများ မြင့်မားလာခဲ့ကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အသေခံပုံးခွဲ တိုက်ခိုက်မှု များဖြင့် စဉ်ဆက်မပြတ် ကြုံတွေ့နေသည့် အာဖဂန်နိုင်ငံတွင် အစိုးရနှင့် တာလီဘန် စစ်သွေးကြွများအကြား ညှိနှိုင်းဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့သည်။ တာလီဘန် စစ်သွေးကြွများက အာဖဂန်နှင့် နယ်စပ်ချင်းထိနေသည့် တောင်ထူထပ်ရာဒေသများကို ထိန်းချုပ်ထားသည်။

သန္နိဋ္ဌာန်

ဆွေးနွေးပွဲ၏ ရလဒ်မည်ကဲ့သို့ ပေါ်ထွက်လာစေကာမူ ပါကစ္စတန် တာလီဘန်ခေါင်းဆောင် ဘိုင်တူလာ မီဆွတ်က အာဖဂန်နိုင်ငံအတွင်းရှိ ပြည်ပတပ်ဖွဲ့များကို ဆက်လက် တိုက်ခိုက်ရန် စနေနေ့က သန္နိဋ္ဌာန် ချခဲ့သည်။

ပြောကြား

မိမိတို့က ပါကစ္စတန်၏ အချုပ်အခြာကို လေးစားပါကြောင်း၊ သို့ရာတွင် မည်သည့် သဘောတူညီချက်မျိုးမဆို အာဖဂန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်မားမှု မရှိရေးအတွက် အာမခံချက်ရရှိရန် လိုအပ်မှုကို ထည့်သွင်းစဉ်းစားရန် အရေးပါကြောင်း နေတိုးမှအရပ်သား ပြောရေးဆိုခွင့်ရှိသူ မတ်လေတီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ပါလက်စတိုင်းလူမျိုး လျှပ်စစ်အင်ဂျင်နီယာတစ်ဦး တီထွင်ဖန်တီးထားသော လျှပ်စစ်ကားငယ်ကို မေ ၂၇ ရက်က ဂါဇာစီးတီး၌ တွေ့ရစဉ်။ [ထိုကားသည် ဓာတ်အားတစ်ခါသွင်းထားလျှင် မိုင် ၁၂၀ အထိ မောင်းနိုင်သည်ဟု ဆိုသည်။] *(ဓာတ်ပုံ-အင်တာနက်)*

ကန်မှအမဲသားတင်သွင်းမှု တောင်ကိုရီးယား၌ ကန့်ကွက်ဆန္ဒပြ နွားရူးရောဂါအန္တရာယ် ဖြစ်ပွားအောင်ပြုလုပ်ဟု ပြောကြား

ဆိုးလ် မေ ၂၈

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ လယ်၌ မေ ၂၅ ရက်က အမေရိကန်နိုင်ငံမှ အမဲသားများ တင်သွင်းမှု အပေါ် ကန့်ကွက်ဆန္ဒပြမှုကြောင့် ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများ ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများသည် တရားမဝင် ဆန္ဒပြခြင်း၊ လမ်းများပိတ်ဆို့ခြင်းနှင့် ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်းကြောင့် ဖမ်းဆီးရကြောင်း ရဲတပ်ဖွဲ့အကြီးအကဲမာန်ကျင်ဟီးကပြောကြားသည်။

ပဋိပက္ခဖြစ်ပွား

အမေရိကန် အမဲသားများ တင်သွင်းမှုအပေါ် အစိုးရ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သည့်အနေဖြင့် မေ ၂၅ ရက်က တစ်နိုင်ငံလုံးတွင် ကန့်ကွက်ကြရာ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ပဋိပက္ခ ဖြစ်ပွားခဲ့သည်။

နွားရူးရောဂါ

မြို့ပြအုပ်စုများနှင့် ပြည်တွင်း လယ်သမားများက အမေရိကန် အမဲသားတင်သွင်းခြင်းသည် တောင်ကိုရီးယားနိုင်ငံကို နွားရူးရောဂါ အန္တရာယ် ဖြစ်ပွားအောင် ဖန်တီးခြင်းဖြစ်သည်ဟု ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရောမမြို့ ဘိုင်အိုပါကိုတိရစ္ဆာန် ဉယျာဉ်တွင် သစ်ကုလားအုတ် သားပေါက်ကလေးတစ်ကောင်ကို မိခင်သစ်ကုလားအုတ်မကြီးနှင့်အတူ မေ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါနိုင်ငံတွင် ဘုရင်စနစ်ကို ပါလီမန်က အဆုံးသတ်ကြောင်းဆုံးဖြတ်

ခတ္တမန္ဒူ မေ ၂၉

နီပေါနိုင်ငံတွင် နှစ်ပေါင်း ၂၃၉ နှစ်ကြာကျင့်သုံးခဲ့သော ဘုရင်စနစ်ကို မေ ၂၈ ရက်၌ ပါလီမန်တွင် မဲခွဲ၍အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဘုရင်စနစ်အဆုံးသတ်ရေး မဲခွဲရာ၌ကိုယ်စားလှယ် ၅၆၀ က ထောက်ခံမဲပေးကြပြီး ကိုယ်စားလှယ်လေးဦးကသာ ကန့်ကွက်မဲပေးသည်။

နီပေါဘုရင် ဂျနန်ဒရာကို သီတင်းနှစ်ပတ်အတွင်း နန်းတော်မှ ထွက်ခွာပေးရန် အစိုးရက အကြောင်းကြားထားသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဘုရင်က ဝေဖန်စကားမပြောဘဲ ၎င်းအနေဖြင့် နီပေါနိုင်ငံ၌ပင် ဆက်လက်နေထိုင်လိုကြောင်းသာ ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်က လာအိုနယ်စပ်တွင် စီးပွားရေးဇုန်သစ် ထူထောင်မည်

ဟနွိုင်း မေ ၂၇

ဗီယက်နမ်နှင့် လာအိုနယ်စပ်တွင် စီးပွားရေးဇုန်သစ်တစ်ခု ထူထောင်မည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ် သတင်းစာကတနင်္လာနေ့တွင်ရေးသားသည်။ အဒေါ့နယ်စပ် စီးပွားရေးဇုန်သည် ဟက်တာ ၁၀ ဒသမ ၁၈၄ အကျယ်အဝန်းရှိမည်ဖြစ်ပြီး လူဝါသိန်းဟူးပြည်နယ်မှ တောင်တန်းထူထပ်သည့် လူအွိုင်ခရိုင်တွင် ထူထောင်မည်ဟု ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ဖော်ပြသည်။

အဆိုပါ စီးပွားရေးဇုန်သို့ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံလိုသူများ အနေဖြင့် လေးနှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပြီး ကိုးနှစ်အထိ အခွန်ငွေ ၅၀ ရာခိုင်နှုန်း လျှော့သွားမည်ဖြစ်သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကင်ညာရှိ ဒုက္ခသည်သုံးသိန်းသို့ လှူဒါန်းရန် အာဖရိကဒီဗိုင်းဆရာနှင့် စံပြမယ်များ ဖက်ရှင်ပြပွဲပြုလုပ်

နိုင်ရိုဘီ မေ ၂၈

ကင်ညာနိုင်ငံတွင် ရွေးကောက်ပွဲကာလအကြမ်းဖက်တိုက်ခိုက်မှုဒဏ်ခံခဲ့ ရသူများအတွက်ငွေကြေးစုဆောင်းရန်နှင့် တစ်မူထူးခြားသည့် သဘောသဘာဝကို အာဖရိကဒေသတွင် ပြသရန် အာဖရိကမှ ထိပ်တန်းဒီဇိုင်းပညာရှင်များနှင့် စံပြမယ်များသည် နိုင်ရိုဘီမြို့ရှိ အမျိုးသားပန်းခြံ တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ပြပွဲတစ်ခု ပြုလုပ်ခဲ့သည်။

ငြိမ်းချမ်းရေးအတွက် ဖက်ရှင်ပြပွဲတွင် အနောက်အာဖရိကနှင့် အရှေ့အာဖရိကဒေသမှ စံပြမယ်များ ပါဝင်ပြီး လရောင်လင်းလက်နေသော မြက်ခင်းပြင်ရှိ စင်မြင့်ပေါ်တွင် ကိုယ်ပိုင်ဟန်အမျိုးမျိုးဖြင့် ပြသကြသည်။

ငြိမ်းချမ်းရေးအတွက် ဖက်ရှင်ပြပွဲ၏ ရည်ရွယ်ချက်မှာ ကင်ညာနိုင်ငံ၊ အာဖရိကဒေသနှင့် အခြားနိုင်ငံများနှင့် ပတ်သက်၍ အဆိုးမြင်သူများ၏ စိတ်ထားပြောင်းလဲရန် ဖြစ်သော်လည်းကမ္ဘာတစ်ဝန်းရှိ ပြည်သူများကို ပြောင်းလဲနိုင်မည်မဟုတ်ဟု အဆိုပါပြပွဲဖြစ်မြောက်စေရန် စည်းရုံးလှုံ့ဆော်သူက ပြောကြားသည်။ ပြပွဲမှရသည့် ဝင်ငွေများကို ဒီဇင်ဘာ ရွေးကောက်ပွဲ ကာလအပြီး နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့် ကင်ညာပြည်သူ ၃၀၀၀၀၀ တို့ အတွက် ပေးအပ်မည် ဖြစ်သည်။ ယင်းကာလအတွင်း လူ ၁၃၀၀ ခန့် သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အယ်လ်ဂျီးရီးယားတွင် အစွန်းရောက် ၂၄ဦး သေဒဏ်အပြစ်ပေးခံရ

အယ်လ်ဂျီးယားစ် မေ ၂၈

အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အခြားပြစ်မှုများ ကျူးလွန်ခဲ့သည့် စွဲချက်ဖြင့် အစွန်းရောက်သမား၂၄ဦးကို အယ်လ်ဂျီးရီးယားနိုင်ငံတွင် စနေနေ့က သေဒဏ်အပြစ်ပေးခဲ့ကြောင်း အယ်လ်ဂျီးရီးယား မီဒီယာသတင်းဌာနက ဖော်ပြသည်။ ၎င်းအစွန်းရောက်များသည် တရားမဝင်လက်နက်များ လက်ဝယ်ပိုင်ဆိုင် မှု၊ ခဲယမ်းမီးကျောက်အသုံးပြုမှုနှင့် ပြန်ပေးဆွဲရာတွင် ပါဝင်မှုဖြင့်လည်း အပြစ် ပေးခံရခြင်းဖြစ်သည်ဟု အယ်လ်ဂျီးရီးယား သတင်းဌာနက ဖော်ပြသည်။လက်နက်များကိုင်ဆောင်ထားသည့် အစွန်းရောက်အုပ်စုများသည် အယ်လ်ဂျီး ရီယားစစ်တပ် တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့အစိုးရဌာနများနှင့် အရပ်သားများကို ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် မကြာခဏ တိုက်ခိုက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ၌ နောက်ဆက်တွဲငလျင် လှုပ်မှုကြောင့် အိမ်ခြေပေါင်း ၄၂၀၀၀၀ ကျော် ထပ်မံပြိုကျပျက်စီး

ကင်ချန် မေ ၂၉

တရုတ်နိုင်ငံ အနောက်တောင်ဘက် ကင်ချန်ဒေသ၌ မေ ၂၇ ရက်က နောက်ဆက်တွဲငလျင်နှစ်ခု ထပ်မံလှုပ်သွားခဲ့ရာ အိမ်ခြေပေါင်း ၄၂၀၀၀၀ ကျော် ပြိုကျပျက်စီးသွားကြောင်း ဒေသတွင်း သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ ကင်ချန်ဒေသတွင် ညနေ ၄ နာရီ ၃ မိနစ်၌ အင်အား ၅ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်သွားပြီး ရှန်စီပြည်နယ် နင်ကျန်ဒေသတွင် အင်အား ၅ဒသမ ၇ အဆင့်ရှိ မြေငလျင်လှုပ်သွားသည်ဟု တရုတ်အမျိုးသား မြေငလျင်တိုင်းတာရေးဌာန၏ ဖော်ပြချက်အရ သိရသည်။

ယင်းငလျင်လှုပ်မှုကြောင့် ကင်ချန်ဒေသတစ်ခုတည်း၌ပင် လူ ၆၃ ဦးဒဏ်ရာရရှိပြီး ထိုသူများထဲမှ ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကင်ချန်ပြည်နယ်၌ မေ ၁၂ ရက်က ဖြစ်ပွားခဲ့သော မြေငလျင်လှုပ်မှုတွင် လူပေါင်း ၁၅၄၅၃ ဦး ထိခိုက်ဒဏ်ရာရရှိရာ ၁၆၅၄ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ မြေငလျင်လှုပ်မှုများ ဆက်တိုက်ဖြစ်ပွားခြင်းကြောင့် တောင်ကုန်းများ၊ မြေများပြိုကျမှု ၁၄၆ ကြိမ် ရှိသွားပြီဖြစ်ကြောင်း ငလျင်တိုင်းတာရေးဌာနချုပ်မှ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရက်ပေါင်း(၉၀)မဟာကံစမ်းမဲပွဲတော်ကြီး
ယခင် -1.03.08 to 29.05.08
ယခု -1.03.08 to 30.06.08

KHIND Electro World

နေပြည်တော်၊ မန္တလေးမြို့ အပါအဝင် နယ်မြို့ကြီးများနှင့် ရန်ကုန်မြို့ မှ ဝယ်ယူအားပေးကြသော မိတ်ဟောင်းမိတ်သစ်များ၏ တောင်းဆိုမှုအရ မဟာကံစမ်းမဲပွဲတော်ကြီး၏ နောက်ဆုံးရက်ကို (၃၀. ၆ .၂၀၀၈) နေ့အထိ တိုးမြှင့်သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ငွေကျပ်သောင်းကျော်တန်ပစ္စည်းတစ်မျိုးဝယ်ယူရုံနှင့်
မော်ပြပါ အထူးဆုကြီး(၉)ဆုအပြင်
အပူခံကြွေ Dinner set (၉၉)စုံအပါအဝင်
ဆုမဲပေါင်း(၁၀၈)ဆုကို
ပိုင်ဆိုင်နိုင်မည်
လက်မလွှတ်သင့်သော အထူးအခွင့်အရေးကြီး

Air Cooler with Remote Control (80W)
Split Type Air Conditioner 1.5 HP
Semi Auto Washing Machine
KHIND Side By Side Refrigerator
Remote Control Stand Fan(16")(MSF408)
Infra Red Gas Stove
Induction Cooker(IC 1800)
microwave dinner set (၉၉)စုံ
Microwave Oven KMW-517R2/E
Remote Control Tower Fan (MFD 360R)

Khind Electro World (ခင်အီလက်ထရိုကမ္ဘာ) - ထူးနိတ်တတ်ကွန်ဒို အခန်း-၀၂ (မြေညီထပ်) အသံပြတိုက်ရာလမ်း (လမြည့်ဝန်မဟာတာဘောဒ) ဖုန်း - ၂၄၂၃၀၇
Khind World (ခင်ကမ္ဘာ) အမှတ်- ၁၅၁ (မြေညီထပ်)၊ ဆူးလေဘုရားလမ်း၊ ဗဟိုမီးသတ်ဌာန၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၃၈၀၄၃၅
Sein Gay Har/ Asia Light / Blazon/ Orange / Capital / Ocean / Star Mart / Gamonepwint
အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် အထူးဈေးနှုန်းများဖြင့် အမြန်ဝယ်ယူနိုင်ပါပြီ

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)၊ အင်းလျားမြိုင်လမ်း၊ ခြံအမှတ်(၁၆)နေ
ဦးတောက်ထွန်း(Tauk Tun International Sports Co., Ltd.)-ဒေါ်မာမာချစ်(အားကစားပဒေသာ)
တို့၏ သားငယ်

မောင်တိုးနိုင်ချစ် (2 nd Year, Eco)

Director (Tauk Tun International Sports Co., Ltd. & Winner Sports)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ ခြံအမှတ်(၅၆)နေ ဒေါက်တာဦးတင်ယု-ဒေါ်ပိုပိုခင်
တို့၏ သမီးကြီး

ဒေါက်တာ စန္ဒာတင်ယု

(အလုပ်သင်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

တို့၏ ၈-၅-၂၀၀၈ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ဦးအေးလွင်(အနောက်ပိုင်းခရိုင်) ဒုတိယ ခရိုင်တရားသူကြီးအားလည်းကောင်း၊ ၂၄-၅-၂၀၀၈ရက်တွင် Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် တက်ရောက်၍ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးမြဟန်နှင့် သီရိသုဓမ္မသီဂီ ဒေါ်ခင်စပယ်ကြည်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော Thai နိုင်ငံ Sports Land & LANDCO Co., Ltd. မှ Mrs.ARCHARA ARTIPANU နှင့်သား Mr.YUTHACHAI ARTIPANU တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၏ ဇနီး ဒေါ်ခင်မာဆွေ၊ ရန်ကုန်ဆေးရုံအုပ်ကြီး(ငြိမ်း) ဒေါက်တာအောင်စန်းနှင့် ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဦးသန်းမြတ်စိုး၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာအင်ကြင်းမြင့်ဦး၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မကျော့ရှင်းကိုကိုနှင့် ဒေါက်တာချိုနွယ်စိုး၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မရတနာတင်ယု၊ သတို့သားအရံများအဖြစ် ထွဋ်မြတ်အောင်နှင့် ပြည့်စုံသန့်၊ သတို့သမီးအရံများအဖြစ် ယုကိုကိုနှင့် ဒေါက်တာအိကိုကို၊ မိတ်ကပ်ပြင်ဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ ပန်းအလှပြင်ဆင်ပေး သော မငယ်၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုအေးဇော်မိုး(စက်မှု)၊ မေတ္တာဖြင့် ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုဝေ၊ ကိုညီနှင့် အဖွဲ့တို့အားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပေးကြသော Sedona Hotel မန်နေဂျာနှင့် အဖွဲ့သားများ၊ ကြွရောက်လာကြသော ဂုဏ်သရေရှိ ဧည့်ပရိသတ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်တိုးနိုင်ချစ်နှင့် ဒေါက်တာစန္ဒာတင်ယု

Boiler Feed Pump / Condensater Water Pump
ဘွိုင်လာရေသွင်းပန့် / ရေပူပန့်

- လျှပ်စစ်စွမ်းအား မြင့်ကောင်းရေ အနည်းငယ်သာ လိုအပ်သည်။
- မီးစက်သက်သာ/မီးအားကုန်ကျမှုသက်သာ။
- ဘွိုင်လာပန့်သည် Preheat ပြုလုပ်ထားသော ရေအပူချိန် ၁၂၀ စင်တီဂရိတ်အထိလည်းကောင်း၊ ရေပူပန့်သည် ၂၀၀ မှ ၃၅၀ စင်တီဂရိတ်အထိလည်းကောင်း ခံနိုင်ပါသည်။
- လက်ရှိဝယ်ယူ အသုံးပြုနေသော Customer များစာရင်းကို ကျွန်တော်တို့ထံမှ တောင်းယူ၍ စုံစမ်းမေးမြန်းကြည့်စေလိုပါသည်။ ပြီးမှ ဝယ်ယူရန် ဆုံးဖြတ်နိုင်ပါသည်။

ဟန်စိန်သန့်ကုမ္ပဏီ
ရန်ကုန် ➤ အမှတ်(၂၈/၂၉)၊ တိုက်(၁၁၂)၊ ပြည်လမ်း (၈)မိုင်လမ်းဆုံ (မရမ်းကုန်းနှံ့မဘဏ်အပေါ်ထပ်)၊ ရန်ကုန်မြို့။
ဖုန်း - ၆၅၀၄၈၈၊ ၆၆၅၃၄၁၊ ၆၆၁၀၃၀
၀၉-၅၀၁၃၄၂၁၊ ၀၉-၅၀၀၄၈၅၁
၀၉-၅၁၀၂၃၅၂၊ ၀၉-၅၁၂၈၃၀
မန္တလေး ➤ အမှတ်(၈)၊ တိုက်(၁)၊ ၂၆ လမ်း (၇၈ နှင့် ၇၉ လမ်းအကြား)
ဖုန်း - ၀၂-၂၄၆၅၀၊ ၀၉-၉၉၂၃၆၉၈

ကားရောင်းမည်
DYNA 10' Double Wheel
ဒီဇယ် ၄/----
85 Model ဟန်စက်:
Ph:09-202-1635

ယောဂ ကျင့်စဉ်
(လစဉ် သင်တန်း)
VILAS Healthy Centre
Tel: 299357

VILAS ၏ Promotion အထူး အစီအစဉ်
ဆံပင်ဖြောင့် (ပခုံးထိ) = ၁၅၀၀၀ိ + (ဆံပင်ပေါင်းတင်ခွင့် တစ်ကြိမ်)
= ဆံပင်ညှပ် (မေတ္တာလက်ဆောင်)
= အဆီသွင်း (မေတ္တာလက်ဆောင်)
= ပုလဲသွင်း (မေတ္တာလက်ဆောင်)
VILAS ၆၄ လသာလမ်း ရန်ကုန်။ TEL: ၀၁ - ၃၇၈၃၇၉ VILAS ၁၄၇ ပထမထပ် အနော်ရထာလမ်း။ TEL:၀၁ - ၂၉၉၃၅၇
VILAS ၈၂ မော်တင်လမ်း ရန်ကုန်။ TEL: ၀၁ - ၂၄၄၁၇၉ VILAS Junction 8၊ မရမ်းကုန်း။ TEL: ၀၁ - ၆၅၀၇၇၁(၁၂၀)
VILAS ၅၈/၆၀ ဗိုလ်အောင်ကျော်လမ်း။ TEL: ၀၁ - ၃၈၀၁၀၁ VILAS ၁၀၂ ဓမ္မစေတီလမ်း ရန်ကုန်။ TEL: ၀၁ - ၇၀၇၇၈၅
VILAS ၁၅၁၊ ၂၄ နှင့် ၂၅ လမ်းကြား။ ၈၃ လမ်း မန္တလေး။ TEL:၀၂ - ၃၁၈၉၂

အလှူရှင်များအတွက်
T-Shirt = 600 Ks
MICO Garment
ဖုန်း- ၅၂၀၅၂၆၊ ၀၉- ၅၁၄၁၀၈၆၊ ၀၉- ၉၉၇၄၂၀၉၊
အမှတ်-၁၉၁ ၊စက်မှု(၅)လမ်း၊ မေတ္တာညွန့်ဘုတာအနီး၊ တာမွေမြို့နယ်၊

We have the pleasure to serve you again...
Signature Garden
The Dining Venue of Choice in Yangon
Re-opening on 1 June 2008
Corner of Kaba Aye Pagoda Road and Kan Yeik Thar Road
Kandawgyi Relaxation Zone
Bahan Township, Yangon, Myanmar
Tel: 546 488 or 543 387 Email: signature@mptmail.com.mm

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

ရန်ကုန်မြို့လယ်တွင်ကျယ်ဝန်းသောနေရာကောင်းငှားမည်
၁။ဗိုလ်တထောင်မြို့နယ်ငှာလမ်းပထပ် ရေချိုးခန်း(၁)အိမ်သာ(၂) ရေမီးစုံ၊ ဖုန်းပါ 60'x36'စီကျယ်ဝန်းသော အခန်း(၂)ခန်းငှားရန်ရှိသည်။
၂။မင်္ဂလာတောင်ညွန့်မြို့နယ်ယုဇနပလာဇာအနီး ၆လွှာ၊12.5'x50'၊အဆင့်မြင့်ပြင်ဆင်ပြီးရေမီးစုံပါကေးခင်း
၃။ကွန်ပျူတာသင်တန်းကုမ္ပဏီရုံးခန်း ကိုယ်ကာယသင်တန်းအလှပြင်ခန်း၊ မူကြိုကျောင်း၊ ကျူရှင်ပြခန်းများဖွင့်လှစ်ရန် အထူးသင့်လျော်သည်။
ဆက်သွယ်ရန်-ဖုန်း ၀၁-၂၅၂၇၁၈ ၃၈၉၉၇၉

NAING Group
Home Decoration Centre
- စိတ်ကျေနပ်မှုရရှိစေမည့်လက်ရာ
- အကောင်းဆုံးဝန်ဆောင်မှု
- ဈေးနှုန်းသက်သာမှု
- အရည်အသွေးမီ ပစ္စည်းများသုံးစွဲမှု
- အဝ်နှံ့သော Customer ၏ စိတ်ကြိုက် Design များကို အခမဲ့ဆွဲပေးမည့် ဝန်ဆောင်မှု .....
5% Discount
Customer တို့၏ ထောက်ခံမှုကို အပြည့်အဝရရှိနေသော NAING Group Home Decoration Centre ကို ဆက်သွယ်အပ်နှံနိုင်ပါပြီ။
ရန်ကုန် အမှတ်(၁၀၇/၁၂၇)၊ ၃၃လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။ Ph: 951-248082, 383658, 381707 Fax:373759
နေပြည်တော်ပျဉ်းမနား အမှတ်(၁၀/၇)၊ ဗိုလ်ချုပ်လမ်း ရွှေဓိုရပ်၊ နေပြည်တော်ပျဉ်းမနားမြို့။ Ph: 067-23107
မန္တလေး အမှတ် (၃၃)၊ ၇၈လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ Ph: 02-33482

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသည့် သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်ကြီး၏ အရံစေတီသုံးဆူ ထီးတော်များ ပြန်လည် ပြုပြင်ရန်အတွက် မရမ်းကုန်းမြို့နယ်နေ သီရိသုဓမ္မ မဏိဇောတဓရ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုး မိသားစုက အလှူငွေကျပ် သုံးသိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်စိုး(ရေ-ငြိမ်း)ထံ လှူဒါန်းစဉ်။ (၆၁)

စေတနာစာပေ
ရှင်မိုး (ဆေးတက္ကသိုလ်)
ထာဝစဉ် ထာဝရ သူ့အနားမှာ

မြဘုန်းလူလူ (ဆေးတက္ကသိုလ်)
တကယ်မဝေးဘူး

စီစဉ်သူ ... မောင်ကျော်လှိုင်
အိုစွမ်းပြည့်
လရောင်လွှင်ပြင်

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

လေဘေးသင့် ဒေသများသို့ လယ်ယာသုံး လက်တွန်းထွန်စက်များပေးပို့

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်ပြည်သူများက ပေးပို့လှူဒါန်းသည့် လယ်ယာသုံး လက်တွန်းထွန်စက်များအား ၁၀ ဘီး မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဒေးဒရဲမြို့နယ် ၂၀၀၈ ခုနှစ် မိုးရာသီစုပေါင်းထွန်ယက်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၉

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၏ ၂၀၀၈ ခုနှစ် မိုးရာသီ စုပေါင်းထွန်ယက်ပွဲကို မေ ၂၇ ရက်တွင် ချောင်းဖျားကျေးရွာ တောင်သူ ဦးညွန့်မောင်၏ လယ်မြေ ၂၀ဒသမ၁၀ ဧကနှင့် တောင်သူ ဦးဝင်းမြင့်အောင်၏ လယ်မြေ ၅ဒသမ၂၈ ဧကတို့ကို တစ်ဘီးထွန်စက်များဖြင့် စုပေါင်းထွန်ယက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာဥက္ကဋ္ဌများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဒေးဒရဲမြို့နယ်၏ မိုးစပါးလျာထား ၁၈၂၁၄၇ ဧက အား လေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ကျွဲ၊ နွားနှင့် လယ်ယာသုံး စက်ကိရိယာများနေရာတွင် တစ်ဘီးထွန်စက်အစီး ၂၀၊ လယ်ယာ(၂၂) လက်တွန်းထွန်စက် ၁၅၁စီး၊ လယ်ယာ(၁၆) လက်တွန်းထွန်စက် ၇၇စီးတို့ဖြင့် မိုးစပါးဧက ပြည့်မီရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် နိုင်ငံခြားငွေကြေးလှူဒါန်းလိုသူများ လှူဒါန်းနိုင်

ရန်ကုန် မေ ၂၉

ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ နိုင်ငံခြားငွေကြေး လှူဒါန်းလိုသူများအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ ဖွင့်လှစ်ထားသော အောက်ဖော်ပြပါ နိုင်ငံခြားငွေစာရင်းများသို့ ငွေပေးသွင်းခြင်းဖြင့်သော်လည်းကောင်း၊ လွှဲပို့ခြင်းဖြင့်သော်လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားငွေစာရင်းများမှာ Rehabilitation and Reconstruction Sub-Committee Account အမေရိကန်ဒေါ်လာ စာရင်းအမှတ်- 1DA 06-00002၊ Rehabilitation and Reconstruction Sub-Committee Account ယူရိုစာရင်းအမှတ် 1EA 06-00016 နှင့် Rehabilitation and Reconstruction Sub-Committee Account စင်ကာပူဒေါ်လာစာရင်းအမှတ် 1SA 06-00002 တို့ဖြစ်သည်။ (သတင်းစဉ်)

အစိုးရနှင့် ပြည်သူဆိုသည်မှာ မိဘနှင့် သားသမီးသာ ဖြစ်ပါ၏

"အစိုးရနှင့် ပြည်သူဆိုသည်မှာ မိဘနှင့် သားသမီးသာဖြစ်ပါ၏။ ကိုယ့်သားသမီး ဒုက္ခရောက်နေချိန်၌ ဘယ်လိုမိဘမျိုးကမှ မျက်နှာလွှဲနေနိုင်မည်မဟုတ်ပါ။ သားသမီးများဒုက္ခရောက်ခြင်းသည် ကိုယ်တိုင်ဒုက္ခခံစားရခြင်းထက် မိဘတို့ရင်ကို ပိုပြီးပူလောင်စေပါသည်။ ထို့ကြောင့်လည်း 'မင်းတို့အစား ငါတို့ပဲ ဒုက္ခခံလိုက်ချင်တယ်' ဟု မိဘများက ပြောလေ့ရှိကြခြင်း ဖြစ်ပေမည်။ တကယ်လည်း မိဘတိုင်းသည် အရေးအကြောင်းဆိုလျှင် သားသမီးများ၏ ရှေ့က ရင်ကော့ပြီး မားမားမတ်မတ် ရပ်ကြမြဲသာ ဖြစ်ပါ၏။"

ကျော်ရဲမင်း၏ "**သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏ မေတ္တာစေတနာများ (၁)**"

(ဆောင်းပါး) စာမျက်နှာ - ၇၊ ၉၊ ၁၀